မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ မေ ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၃၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ရန်ကုန်မြစ်အတွင်း နစ်မြုပ်ရေယာဉ်များ ပြန်လည်ဆယ်ယူပြီးစီးမှုနှင့် ဆိပ်ခံတံတားများ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတို့မှတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ရေယာဉ်ဖြင့် ရန်ကုန်မြစ်အတွင်း နစ်မြုပ်ရေယာဉ်များ ပြန်လည်ဆယ်ယူပြီးစီးမှုနှင့် ဆိပ်ခံတံတားများ ပြန်လည်ပြင်ဆင်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

ပြင်ဆင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြစ်အတွင်း နစ်မြုပ်ရေယာဉ်များ ပြန်လည်ဆယ်ယူပြီးစီးမှုနှင့် ဆိပ်ခံတံတားများ ပြန်လည် ပြင်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နှစ်အကူးမှာတော့ ပုရစ်ဖူးတို့ ဝေကြပေလိမ့်မည်

တစ်မိုးကုန်၊ တစ်ဆောင်းပေါက်ကာ နောက်တစ်နှစ် စပါးပေါ်ချိန် ရောက်လာခဲ့လျှင်တော့ ရောတစ်ဝန်းမှာ စပါးရွှေဝါတွေ လွှမ်းနိုင်ပြီမို့ လေဘေးခံရောဝတီသားတို့ ပြန်လည် လန်းဆန်းဖူလုံလာကြပေလိမ့်မည်။

အမိမြေ၊ အမိရေတို့၏ ကျေးဇူးဖြင့် တစ်နှစ်ကူးလျှင်တော့ ပုရစ်ဖူးတို့ ဝေကြဦးမည် အမှန်ပင်။

လှိုင်အောင်၏ ဆောင်းပါး (စာ ၈-၉) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

29-5 (01).pmd 1 5/29/2008, 2:09 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၂၉ ရက်)

ဖွံ့ဖြိုးမှုလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေး နိုင်ငံတော်နှင့်အတူ ကုမ္ပဏီများပူးပေါင်းပါဝင်

ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့သည် ဆန်စပါး အဓိကစိုက်ပျိုးထုတ်လုပ်သည့် တိုင်းများဖြစ်ရာ ပြည်တွင်း စားနပ်ရိက္ခာသာမက နိုင်ငံတကာအတွက်ပါ ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မေလ ၂ရက်နေ့နှင့် ၃ရက်နေ့များက ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်၊ ရန်ကုန်တိုင်းမှ သုံးမြို့နယ်၊ ပဲခူးတိုင်းမှ နှစ်မြို့နယ်နှင့် မွန်ပြည်နယ်မှ သုံးမြို့နယ်တို့၌ စိုက်ပျိုးမြေဧက တစ်သန်းကျော် ရေလွှမ်းမိုးခံရကာ ဧကတစ်သန်းကျော်တွင် ရေငန်များ ဝင်ရောက်ခဲ့သည်။ ယင်းတို့အနက် ဧရာဝတီတိုင်း၌ လယ်မြေဧက ၁၀သိန်းကျော်နှင့် ရန်ကုန်တိုင်း၌ လယ်မြေဧက သုံးသိန်းကျော်တို့မှာ ရေငန်များဝင်ရောက်ခဲ့ပြီး လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ ခိုင်းနွားနှစ်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ကြရသည်။

စပါးစိုက်ခင်းနှင့် လယ်မြေများ ပျက်စီးသွားသည့်အတွက် စပါးထုတ်လုပ်မှု ပြန်လည်ဖြည့်တင်းပေးနိုင်ရေးအတွက် စပါးစိုက်ပျိုးနိုင်သည့်ဒေသများ၌ အစားထိုးတိုးချဲ့စိုက်ပျိုးရန် မျိုးစေ့နှင့်ဓာတ်မြေဩဇာများအပြင် ကျွဲ၊ နွားများအစား လယ်ထွန်စက်အသေးစားများနှင့် စက်သုံးဆီများ လိုအပ်လာမည် ဖြစ်သည်။

နိုင်ငံတော်မှဦးဆောင်ပြီး လေဘေးသင့်ဒေသများ၌ လယ်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ စက်မှုဇုန်များက လက်တွန်းထွန်စက်များကို ပံ့ပိုးကူညီလျက်ရှိသည်။ ထို့ပြင် ငါးဖမ်းလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် အကူအညီများဆက်လက်ပံ့ပိုး ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်မြို့နယ် အသီးသီးသို့ပေးပို့သည့် လက်တွန်းထွန်စက်များ ဒေးဒရဲမြို့နယ်သို့ ရောက်ရှိလာရာ တောင်သူလယ်သမားကြီးများက စက်မှုလယ်ယာဦးစီးဌာနမှ စက်မောင်းများ၏ အကူအညီဖြင့်လယ်ယာလုပ်ငန်းခွင် အချိန်မီဝင်ရောက်နိုင်ရေး လယ်ယာမြေများ အမြန်ဆုံးဖော်ထုတ်သွားမည်ဖြစ်သည်။

မုန်တိုင်းဒဏ် အဓိကခံစားခဲ့ရသော ဧရာဝတီတိုင်းရှိပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ မြို့ရွာပြန်လည်ထူထောင်ရေးလုပ်ငန်းများ လစ်ဟင်းမှုမရှိရအောင် ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နေအိမ်၊ စားနပ်ရိက္ခာနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာများအရောက် အဆက်မပြတ် ပံ့ပိုးကူညီပေးလျက်ရှိသည်။

လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျဉ်းမပြတ် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ ကုမ္ပဏီများ အပါအဝင် ပြည်တွင်းပြည်ပ စေတနာရှင်များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျင်မြန်စွာ တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း အမှတ်(၁၃၉) ပထမထပ်နေ ဦးမျိုးမြင့်အား ရည်စူး၍ ဒေါ်ဝင်းကြည်မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်ဦးအေးမြင့်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။**(အောက်ပုံ)** (က-ပ)

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ကပ္ပတိန် ဦးအေးမောင်၏ မွေးနေ့အထိမ်းအမှတ်နှင့် ကပ္ပတိန်ဦးအေးမောင်-ဒေါ်သဇင်ကျော်ထွန်းတို့၏ နှစ်(၄၀)ပြည့် မင်္ဂလာအထိမ်းအမှတ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၉-၅-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၅၁)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၂၈)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာဓား** (အပိုင်း-၂၄)

စိုက်ပျိုးရေးလုပ်ငန်းများ ရည်မှန်းချက်အောင်မြင်အောင်ကြိုးပမ်း ဒေသဝမ်းစာဖူလုံပိုလျှံရေး နှစ်ရှည်ပင်သီးနှံများ တိုးချဲ့စိုက်ပျိုး

နေပြည်တော် မေ ၂၈

တနင်္သာရီတိုင်း မြိတ်မြို့နယ်၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို မေ ၂၄ရက် နံနက်စနာရီက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့်လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်နှင့် ခရိုင်ဥက္ကဋ္ဌများ၊ တိုင်းအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက စိုက်ပျိုးရေးလုပ်ငန်းများ ရည်မှန်းချက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသဝမ်းစာဖူလုံပိုလျှံရေး၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း၊ နှစ်ရှည်သီးနှံ၊ စီမံကိန်းသီးနှံစိုက်ဧကများ ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးကြရေး မှာကြားသည်။

ဗိုလ်ချုပ်သာအေးသည် မွန်းလွဲ၁နာရီခွဲတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊စစ်သည်မိသားစုများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည့် လေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် မြိတ်ခရိုင်မှ စေတနာရှင်အလှူရှင်များက ငွေကျပ်၁၆၉၅သိန်းကျော် တန်ဖိုးရှိ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိခင်ကြီးဒေါ်ခင်လှ ခြောက်လပြည့်အား ရည်စူး၍ အမှတ် (၁၆/၆၈) နတ် သျှင် နောင်လမ်း ရွှေပေါက်ကံမြို့နယ်နေ ခင်ပွန်း ဗိုလ်ကြီးမြင့်အောင် (ငြိမ်း) သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

တွံတေးမြို့နယ် စာသင်ကျောင်းနှင့်ဆေးရုံများ ပြင်ဆင်ပြီးစီးမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ စာသင်ကျောင်းများကို ကျောင်းဖွင့်ရက်အမီ ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆေးရုံနှင့် ဆေးခန်းများ ပြုပြင်ပြီးစီးမှု အခြေအနေများကို ယမန်နေ့က သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လေဘေးသင့် ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဧရာဝတီတိုင်း မအူပင်မြို့ရှိ လေဘေးကယ်ဆယ်ရေးစခန်းများရှိ လေဘေးသင့် ကိုယ်ဝန်ဆောင်များ၊ ကျောင်းသား၊ကျောင်းသူများနှင့်ကလေးငယ်များအားထောက်ပံ့ရေးပစ္စည်းပေးအပ်သည့် အခမ်းအနားကို မေ ၂၆ရက် နံနက် ၉ နာရီခွဲတွင် လေဘေး ကယ်ဆယ်ရေးစခန်းများ၌ ကျင်းပရာမြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသော်၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာနီလာသော်၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ဝင်းဝင်းမော်နှင့်တာဝန်ရှိသူများက ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် အနီးပိတ်၊ကိုယ်ဝန်ဆောင်အားတိုးဆေးနှင့်သံဓာတ်ဖြည့်ဆေးများကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ကလေးငယ်များအတွက် မုန့်ပဲသရေစာများကို လည်းကောင်း ကယ်ဆယ်ရေး စခန်းများအလိုက် သွားရောက်ပေးအပ်ခဲ့သည်။

<u>လက်ခံရယူ</u>

ဆက်လက်၍ မအူပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေကျပ် ငါးသိန်းကို **(အောက်ပုံ)**ပေးအပ်လှူဒါန်းရာခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မအူပင်မြို့နယ် အထွေထွေ ရောဂါကုဆေးရုံ သားဖွားခန်းအတွက် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းကာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားကြီး ပြန်လည်မွမ်းမံရေးအတွက် မေ၂၇ရက်က စမ်းချောင်းမြို့နယ် ကြံခင်းလမ်း အမှတ် ၈ နေ ဂေါပကအဖွဲ့ဝင် ဦးမောင်ချစ်-(ဒေါ်တင်တင်) မိသားတစ်စုတို့က အလှူငွေကျပ် သိန်း ၈၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံယူစဉ်။ (၁၀၃)

ဆောက်လုပ်ရေးပစ္စည်းများ အလှူဒါနပြုနိုင်

ရန်ကုန် မေ ၂၈

မုန်တိုင်းကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးကျောင်းများ၊ သာသနိက အဆောက်အအုံများ၊ အမိုးလန်ခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့သည်။

ပျက်စီးဆုံးရှုံးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် သာသနိက အဆောက်အအုံများပြုပြင်ရန် အလှူငွေများ၊ အမိုးသွပ်နှင့် ဆောက်လုပ်ရေး ပစ္စည်းများ လိုအပ်လျက်ရှိပါသဖြင့် သဒ္ဓါတရား နည်းများမဆို ကုသိုလ်ယူလှူဒါန်းလိုပါက ဦးဇာနည်ဝင်း ညွှန်ကြားရေးမှူး သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၆-၀၀၁၁၅၊ ၀၉-၅၁-၃၅၈၃၇၊ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ကမ္ဘာအေးဘုရားလမ်းနှင့် ဦးစိုးနိုင် ဒုတိယညွှန်ကြားရေးမှူး ရန်ကုန်တိုင်း သာသနာရေးမှူးရုံး ဖုန်း-၀၁-၇၂၆၀၈၈၊ ၀၉-၅၁-၉၀၅၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများအား ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအား ကျင်းပသွားမည်ဖြစ်ရာ ဆောင်းပါးပြိုင်ပွဲကို မြန်မာအမျိုးသမီးများ **'ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက်'** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **'ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ'** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

<u>**ပေးပို့**</u>

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေသုံးထောင်မှ ငါးထောင်အထိ ရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်း အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာ အရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀လက်မ× ၁၄လက်မ) တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူး ထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

<u>**ဆက်သွယ်**</u>

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန်၂၀ရက် ညနေ၄နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၂ရက် ညနေ ၄နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူးဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ မိုးပိုလာနိုင်

(မေ ၂၈ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ။ ။ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ စတင်ဝင်ရောက်လျက်ရှိသည်။ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ရွှေဘိုမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကသာမြို့တွင် ၄ ဒသမ ၁၇လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၃ ဒသမ ၁၁ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၇၇လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၃၄လက်မနှင့် သထုံမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မေ ၂၉ရက် ညနေအထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မေ ၂၉ရက် ညနေအထိ ခန့်မှန်းချက်။
မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မေ ၂၉ရက် ညနေအထိ ခန့်မှန်းချက်။
မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၉ရက် ညနေအထိ ခန့်မှန်းချက်။
မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**</u>

အမြင့်ဆုံးအပူချိန်	၃၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ်	(၈၉ ဒီဂရီဖာရင်ဟိုက်)	၂၇-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်	(၇၂ ဒီဂရီဖာရင်ဟိုက်)	၂၈-၅-၂၀၀၈
နံနက်၉နာရီခွဲအချိန် စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း		၂၈-၅-၂၀၀၈
နေပူသည့်နာရီပေါင်း	၁ ဒသမ ၀ နာရီခန့်		၂၇-၅-၂၀၀၈

<u>**မိုးရေချိန်**</u>

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၈-၅-၂၀၀၈	၅မမ(၀ဒသမ၁၉)လက်မ	၂၁မမ(၀ဒသမ၈၂)လက်မ	၇၉မမ(၃ဒသမ၁၁) လက်မ
၁-၁-၂၀၀၈မှ ယနေ့အထိ	၇၁၁ မမ(၂၇ဒသမ၉၉လက်မ)	၈၃၄ မမ (၃၂ဒသမ၈၃လက်မ)	၁၀၁၈မမ(၄၀ဒသမ၀၈လက်မ)

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၂၇ရက် နံနက် ၆နာရီခွဲတွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၄ မိုင်နှုန်းတိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၂၉-၅-၂၀၀၈ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ နှောင်းခေတ်တေးပဒေသာ
၈:၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၀ ၆။ တီးကွက်ညွှန့် (စစ်ကိုင်းလှရွှေ၊ စိန်စတင်း)
၈:၃၀ ၇။ International News
၉:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၅၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၅။ အကပဒေသာ
၅:၃၀ ၆။ တေးဂီတအစီအစဉ်
၅:၄၀ ၇။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ တေးဂီတအစီအစဉ်
၇:၀၀ ၁၁။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၇:၂၀ ၁၂။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ရနံ့ပြယ်ပန်း** (အပိုင်း-၂) ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ကြည်လဲ့လဲ့ဦး၊ ချိုပြုံး (ဒါရိုက်တာ-မောင်နန္ဒ)
၁၇။ အစီအစဉ်ပြီး၏။

လေဘေးသင့်ပြည်သူများအတွက် လယ်ယာသုံးလက်တွန်းထွန်စက်နှင့် အလှူငွေပေးအပ်

ရန်ကုန် မေ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)က လေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် လယ်ယာသုံးလက်တွန်းထွန်စက်နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက်၁၀နာရီတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမဦးကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်၍ လေဘေးသင့်ပြည်သူများအား လယ်ယာသုံး လက်တွန်းထွန်စက်များနှင့် အလှူငွေ၊ အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများ ဆက်လက်ပေးပို့ လှူဒါန်းနိုင်ရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား အလှူရှင် ဦးသိန်းထိုက်က အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် တြိဂံဒေသတိုင်း စစ်ဌာနချုပ်မှ ငွေကျပ်သိန်း ၉၀တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၀စီးနှင့် အလှူငွေကျပ်သိန်း ၁၀၀၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)မှ ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၀စီး၊ အထူးဒေသ (၂) ဦးကျော်ကျော်က ငွေကျပ်သိန်း ၁၈၀တန်ဖိုးရှိ လက်တွန်းထွန်စက်အစီး ၂၀၊ တာချီလိတ်မြို့နယ်မှ ငွေကျပ်သိန်း ၉၀တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၀စီး၊ မိုင်းဆတ်ခရိုင်နှင့် မြို့နယ်များမှ ငွေကျပ်သိန်း ၁၈၀တန်ဖိုးရှိ လက်တွန်းထွန်စက်အစီး ၂၀၊ ထိုင်းနိုင်ငံ နမ့်ခွမ်းလုံ ဘိလပ်မြေကုမ္ပဏီလီမိတက်၊ မယ်ဆိုင် ကုန်သည်ကြီးများအသင်း၊ ကွမ်မင်ဘုံကျောင်းနှင့် တာချီလိတ်မြို့ ရွှေနန်းတော်ကုန်တိုက်တို့က စုပေါင်းလှူဒါန်းသည့် ပစ္စည်းတန်ဖိုးငွေကျပ် ၃၉၉၆၀၀၀၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၁၀၈၀၀၊ ကျိုင်းတုံမြို့ ဝစီပိတ်ဆရာတော်နှင့် ထိုင်းနိုင်ငံ လန်ပန်းခရိုင် ဒါယကာ၊ ဒါယိကာမများက စုပေါင်း လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၁၃၆၅၂၂၀၀၀ရှိဘိလပ်မြေအိတ်၂၀၀နှင့် စားသောက်ဖွယ်ရာများ၊အသုံးအဆောင်ပစ္စည်းမျိုးစုံ၊ ကျိုင်းတုံမြို့မှ ဈေးသူဈေးသားများနှင့် ဈေးဝယ်သူများက စုစုပေါင်းငွေကျပ် ၂၅၃၃၇၇၀ တန်ဖိုးရှိအလှူငွေနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများ၊ ဦးသိန်းထိုက်၊ ဦးမြင့်ဌေးမိသားစုကငွေကျပ်၅၅သိန်းတန်ဖိုးရှိ ဆေးပစ္စည်းများ၊ ဦးညီလင်း မိုင်းပေါက်က အလှူငွေကျပ်ငါးသိန်း၊ တာချီလိတ်မြို့ ကုန်သည်ကြီးများအသင်းက အလှူ ငွေကျပ်သိန်း၄၀နှင့် တာချီလိတ်မြို့ ရီဂျီနားဟိုတယ်မှ ဘတ်ငွေနှစ်သိန်းတို့ကို တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူအလှူရှင်များက ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လက်ခံရယူ

ဆက်လက်၍ တာချီလိတ်မြို့ ပါရာဒိုက်ဟိုတယ်မှ ဘတ်ငွေတစ်သိန်း၊ ကျိုင်းတုံမြို့ ဟုန်ပန်းကုမ္ပဏီ ဝက်မွေးမြူရေးခြံမှ အလှူငွေကျပ်သိန်း ၂၀၊ ကျိုင်းတုံမြို့ ရွှေဖြူကုမ္ပဏီမှ ဦးသန်းထွန်း၊ ဒေါ်အေးဝင်းက အလှူငွေကျပ် ၁၀ သိန်း၊ တရုတ်ဗုဒ္ဓဘာသာအဖွဲ့မှ အလှူငွေကျပ် ၁၀ သိန်း၊ မိုင်းပျဉ်းမြို့နယ် ပြည်သူများက အလှူငွေကျပ် ၇၃၉၈၀၀၊ တာချီလိတ်မြို့မှ သုဓမ္မမဏ္ဍိဇောတရေ ဦးမောင်လေးက အလှူငွေကျပ်ငါးသိန်း၊ ရှမ်းရိုးမကုမ္ပဏီလီမိတက်မှ အလှူငွေကျပ် ငါးသိန်း၊ မူဆလင်သာသနာရေးရာအဖွဲ့က အလှူငွေကျပ်ငါးသိန်း၊ စည်ပင်သာယာရေးဌာနက ငွေကျပ် ၄၆၀၀၀၀ တန်ဖိုးရှိ ခေါက်ဆွဲဖာ ၁၀၀၊ ကျိုင်းတုံမြို့ တရုတ်ဘာသာ စကားပြောသင်တန်းက အလှူငွေကျပ် လေးသိန်း၊ မက်မန်းမြို့နယ် ပြည်သူများက အလှူငွေကျပ် ၃၁၅၀၀၀၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက အလှူငွေကျပ် သုံးသိန်း၊ မိုင်းဆတ်မြို့ ဟုန်ပန်းကုမ္ပဏီ ဝက်မွေးမြူရေးခြံက အလှူငွေကျပ် ၂၄၀၀၀၀၊ ကျိုင်းတုံမြို့ နာရေးထောက်ပံ့ ကူညီမှုအသင်းက အလှူငွေ ကျပ်နှစ်သိန်း၊ ကျိုင်းတုံမြို့မှ ဒေါ်ဇင်မာထွေး မိသားစုက အလှူငွေကျပ် ၁၁၅၀၀၀၊ ကျိုင်းတုံမြို့မဈေးသမဝါယမအသင်းက အလှူငွေကျပ် တစ်သိန်း၊ မိုင်းဖြတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က အလှူငွေကျပ်တစ်သိန်း၊ မိုင်းဆတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အလှူငွေ ကျပ်နှစ်သိန်း၊ ဒေါ်အားဆန် နောင်လိတ်ရပ်ကွက်က အလှူငွေကျပ်တစ်သိန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနက ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဥပဒေရုံး မိသားစုက ငွေကျပ်၂၅၀၀၀၀တန်ဖိုးရှိ အထောက်အပံ့ပစ္စည်းမျိုးစုံ၊ဒေါက်တာစိုင်းဆေးကော် မိသားစုက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်းမျိုးစုံ၊ ကျိုင်းတုံမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက အလှူငွေကျပ် နှစ်သိန်းနှင့် ဦးနေမျိုးဦး (အိပ်မက်ရွာဗီဒီယိုဖြန့်ချိရေး)က အလှူငွေကျပ်နှစ်သိန်းတို့ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စေတနာရှင် ပြည်သူအလှူရှင်များကပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြအောင်တို့က အလှူငွေနှင့် ပစ္စည်းများကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် ‌စေတနာရှင်ပြည်သူများက ပေးပို့လှူဒါန်းသည့် လယ်ယာသုံး လက်တွန်းထွန်စက်အစီး၅၀ကို ၁၀ဘီးယာဉ်ကြီးသုံးစီးဖြင့် လေဘေးသင့်ဒေသများသို့ ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် မေ၂၃ရက်တွင် လက်တွန်းထွန်စက်အစီး၂၀နှင့် အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများကို ၁၀ဘီးယာဉ်တစ်စီးဖြင့် ကျိုင်းတုံမြို့မှ စေလွှတ်ပေးပို့ခဲ့ပြီးဖြစ်သည်။

ဆက်လက်လှူဒါန်းမည်

အဆိုပါ ရှမ်းပြည်နယ်(အရှေ့ပိုင်း) က လေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် လယ်ယာသုံး လက်တွန်းထွန်စက်နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် လေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၃၂၀၉၁၃၂၀၊ ငွေကျပ် ၂၇၉၇၄၄၂၅၀ တန်ဖိုးရှိ အထောက်အပံ့ပစ္စည်းမျိုးစုံ စုစုပေါင်းငွေကျပ် ၃၁၁၈၃၅၅၇၀ တန်ဖိုးရှိ အလှူငွေနှင့် လက်တွန်းထွန်စက်အစီး၅၀ အပါအဝင် အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)၏ကြီးကြပ်မှုဖြင့် လေဘေးသင့် ဒေသများရှိ ပြည်သူများအတွက် အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများ ဆက်လက် ပေးပို့လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် သတ္တုတွင်းဝန်ကြီးဌာနမှတစ်ဆင့် Dr. Yang Junchen (GM)Kingbao Mining Ltd. က အမေရိကန်ဒေါ်လာတစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

■ *ကျော့ဖုံးမှ*

ဦးတင်ထွန်း(အငြိမ်းစားသံအမတ်ကြီး) မိသားစု (သုဝဏ္ဏ)က ငွေကျပ်ငါးသောင်း၊ ဒေါ်ခင်မာလွင် (ဒု-ကြီးကြပ်ရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း)က ငွေကျပ်တစ်သောင်း၊ ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) က ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဒေါ်စိုးဝတ်ရည် မိသားစု (အင်းလျားမြိုင်)က ငွေကျပ် ၁၀သိန်း၊ ဦးအောင်မြင့်နှင့် ဒေါ်ရီရီ၊ မောင်ဇာနည်နှင့် မဥမ္မာစိုး၊ မောင်ကြည်ထွန်းနှင့် မရတနာဝင်း (မြောက်ဥက္ကလာပမြို့နယ်)ကငွေကျပ်နှစ်သိန်း၊ မိုင်းပန်တပ်နယ်တပ်မိသားစုကငွေကျပ် ၁၂၈၀၀၀၀၊ ကွယ်လွန်သူ ဦးသိန်းဝေအား ရည်စူး၍ ဒေါ်လှမော် မိသားစု (အလုံမြို့နယ်)က ငွေကျပ်နှစ်သောင်း၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အောင် (ငြိမ်း)နှင့် ဒေါ်စန္ဒာကျော်ဝင်းမိသားစု (မန္တလေး)က ငွေကျပ်တစ်သိန်း၊ မထက်ထက်အောင် ကိုးနှစ်ပြည့် အလှူ (တောင်ဥက္ကလာပ)ကငွေကျပ်သုံးထောင်၊ Miss Nishioka Sakiko (Yamasan Trading Co., Ltd; Japan.) က အက်ဖ်အီးစီ ၃၀၀၊ Mr. Nagano Toshiaki (Taishin Co., Ltd, Japan) က အက်ဖ်အီးစီ ၅၀၀၊ Mr. Mitsuda Nobuhiko (Yamasan Trading Co., Ltd. Japan) က အက်ဖ်အီးစီ ၁၉၀၀၊ Miss Nasu Aiko (Yamasan Trading Co., Ltd. Japan) က အက်ဖ်အီးစီ ၃၀၀၊ Miss. Nishioka Kenzo (Yamato Sangyo Co., Ltd. Japan.) ကအက်ဖ်အီးစီ ၁၀၀၀၊ Mr. Mori Takao (Soushin Co., Ltd Japan.) က အက်ဖ်အီးစီ ၁၀၀၀၊ သတ္တုတွင်းဝန်ကြီးဌာနမှ တစ်ဆင့် Dr. Yang Junchen (GM) Kingbao Mining Ltd. က အမေရိကန်ဒေါ်လာတစ်သိန်း၊ Chairman Orascom Telecom က ယူရို ၆၂၅၈၃ ဒသမ ၈၉ တို့ဖြစ်သည်။

အလှူငွေစုစုပေါင်း

ယနေ့တွင် လက်ခံရရှိသည့်အလှူငွေစုစုပေါင်းမှာငွေကျပ်၉၃၈၆၃၀၀၀၊ အမေရိကန်ဒေါ်လာတစ်သိန်း၊ ယူရိုငွေ ၆၂၅၈၃ ဒသမ ၈၉ နှင့် အက်ဖ်အီးစီ ၅၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးဦးကာလသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံရှိ မြစ်များ၏ရေနည်းရာသီကာလ မကြာမီကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိတော့မည်ဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများမြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုစိုက်မောင်းနှင်

မြစ်ရေတက်လာမှုပေါ်မူတည်၍ ဤဦးစီးဌာနအနေဖြင့် ရေယာဉ်များအန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုစိုက်မောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်လေ့ရှိရာ ရေအနက် မလုံလောက်သည့် ရေမြှုပ်ပေါက်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်းမပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်စက်အားနှင့် ရေစီးအားကို ချင့်ချိန်ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

အမှတ်အသား

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင်လမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ရေယာဉ်များ မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ်ပြီး ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင် ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အား၊ စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုးမပြု လုပ်ရန်နှင့် မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်းမပြုလုပ်ဘဲ တစ်တွဲချင်းသာ ဖြတ်သန်းကြရန် လိုအပ်သည်။

လိုက်နာဆောင်ရွက်

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်ခြည်းလေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများဖြစ်ပေါ်သည့်အခါ မြစ်အတွင်း ခုတ်မောင်းနေသော ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြု မောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ဆန်အိတ်များလှူဒါန်း

ရန်ကုန် မေ ၂၈

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ အဆက်မပြတ် လှူဒါန်းလျက်ရှိကြရာ မေ၇ရက်က ဘိုကလေးမြို့နယ်ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စင်ကာပူနိုင်ငံ အခြေစိုက် Wood Craft International Pte, Ltd. က ဆန်အိတ် ၃၅၀ (တန်ချိန် ၁၆ ဒသမ ၆တန်) ကို သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်နေမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်နေမှု၊ ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသော သစ်ပင်များ အပြီးသတ်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်သို့ ရောက်ရှိကြပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ပါရမီလမ်းတစ်လျှောက်၌ ရန်ကုန်-အင်းစိန်လမ်း၊ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းတစ်လျှောက် လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် ပြိုလဲနေသောဓာတ်တိုင်များအား အစားထိုး အသစ်လဲလှယ်ခြင်းနှင့် ၃၃ ကေဗွီဓာတ်အားလိုင်းများ ပြန်လည်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြပ်မတ်ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပြိုလဲနေသော သစ်ပင်များအား တိုက်ကြီးတပ်နယ်မှ တပ်မတော်သားများက အပြီးသတ်ခုတ်ထွင်ရှင်းလင်းနေမှုကို လည်းကောင်း၊ ရန်ကင်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် အောင်ဇေယျာလမ်းတစ်လျှောက်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက စုပုံထားသော အမှိုက်သရိုက်များနှင့် သစ်ကိုင်းသစ်ခက်များအား အပြီးသတ်ရှင်းလင်းနေမှုကို လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားလမ်းနှင့် မင်္ဂလာလမ်းတို့တွင် မော်ဘီတပ်နယ်မှ တပ်မတော်သားများက စုပုံထားသော အမှိုက်သရိုက်များနှင့် သစ်ကိုင်းသစ်ခက်များအား အပြီးသတ်ရှင်းလင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား ပြန်လည်ရှင်သန်နိုင်သည့် သစ်ပင်များအား ပြန်လည်တည့်မတ်စိုက်ပျိုးသွားရေး၊ အမှိုက်များ ရှင်းလင်းပြီးသည့်နေရာများတွင် နောက်ထပ်အမှိုက်များ စွန့်ပစ်ခြင်းမရှိအောင် ကြပ်မတ်ဆောင်ရွက်ရေး၊ အိမ်ထွက်အမှိုက်များကို သတ်မှတ်ထားသော အမှိုက်ကန်များတွင်သာ စုပုံရေး စသည်တို့နှင့်စပ်လျဉ်း၍ မှာကြားပြီး လမ်းတစ်လျှောက်၌ ပြိုလဲနေသော သစ်ပင်များအား အပြီးသတ်ရှင်းလင်းနေမှုနှင့် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားလမ်းတွင် မော်ဘီတပ်နယ်မှ တပ်မတော်သားများက စုပုံထားသော အမှိုက်များနှင့် သစ်ကိုင်းသစ်ခက်များအား ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များစားသုံးခြင်းတို့ကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းလျှောဝမ်းပျက်ရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊
- သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊
- ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
- ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊
- အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊
- အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၈

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် သိန်း ၄၅၀တန်ဖိုးရှိ လက်တွန်းထွန်စက် အစီး၅၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှစေတနာရှင်ပြည်သူများက ငွေကျပ်၅၀၉၆၂၅ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေး ပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ်၁၇၇၉၀၉၀နှင့်ငွေကျပ်၃၃၄၇၆၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၉၀၀၁၅၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင် ပြည်သူများက အလှူငွေကျပ်၉၂၅၀၀၀နှင့်ငွေကျပ်၄၃၅၈၁၉၅၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ မန္တလေးတိုင်းမှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၉၆၃၄၄၀၀ တန်ဖိုးရှိ ခြင်ထောင်အလုံး၁၀၀၀၊ ဆန်အိတ်၁၀၀၊ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ စတုတ္ထအကြိမ် လှူဒါန်းငွေကျပ်သိန်း၉၁၀နှင့် ငွေကျပ်သိန်း၁၈၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ်၂၈၆၃၀၀၀ အပါအဝင် စေတနာရှင် အလှူရှင်များ၏ ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၂၀၅၄၀၈၁၅ ဖြစ်ပြီး မေ ၂၈ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀၀၄၈၇၆၆၅၉၄ ကျပ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ကရုဏာသံစဉ်ပွဲတော် မန္တလေးမြို့တွင်ကျင်းပမည်

ရန်ကုန် မေ ၂၈

မုန်တိုင်းလေဘေးဒဏ်သင့်ပြည်သူတို့အတွက် ရန်ပုံငွေအလှူပွဲအဖြစ် မြန်မာနိုင်ငံဂီတအစည်းအရုံး၏ ကရုဏာသံစဉ်တေးဂီတဖျော်ဖြေပွဲကို ဇွန် ၇ရက် ညနေ ၅နာရီတွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ပွဲဖြစ်မြောက်ရေးအတွက် မြန်မာဘရူဝါရီလီမိတက်က ပံ့ပိုးကူညီထားပြီး နာမည်ကြီးတီးဝိုင်း သုံးဝိုင်းဖြစ်သော Lazy Club, Metal Zone, The Trees တို့နှင့်အတူ တေးသံရှင်များဖြစ်ကြသော ပလေးဘွိုင်းသန်းနိုင်၊ ဂျေမောင်မောင်၊ ချစ်ကောင်း၊ ဟယ်ရီလင်း၊ ရင်ဂို၊ မာရဇ္ဇ၊ ဆောင်းဦးလှိုင်၊ စည်သူလွင်၊ အဲလက်(စ်)၊ ဂရေဟမ်၊ ဘိုဖြူ၊ ဇော်ပိုင်၊ Rဇာနည်၊ ဖြိုးကြီး၊ ကောင်းဆက်၊ ဖိုးကျော်၊ ဘရိတ်ကီ၊ ဖိုးကာ၊ ဟန်ထွန်း၊ လင်းလင်း၊ တင့်တင့်ထွန်း၊ သျှီ၊ ချောစုခင်၊ ခင်ဘုဏ်း၊ ယုဇန၊ ချစ်သုဝေ၊ L ဆိုင်းဇီ၊ မေစံပယ်ညိုနှင့် လုလုတို့ ပါဝင်ဖျော်ဖြေကြမည် ဖြစ်သည်။

ကြိုတင်စာရင်းပေးသွင်း

စေတနာထက်သန်စွာ ပူးပေါင်းပါဝင်လှူဒါန်းကြမည့် အလှူရှင်များအတွက် အလှူငွေလက်ခံပွဲတစ်ခုကိုလည်း ဇွန် ၆ရက် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ မန္တလေးမြို့ ၂၆လမ်း၊ ၈၂×၈၃လမ်းကြားရှိ စီးတီးဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးကိုယ်စား တေးသံရှင်များက လက်ခံရယူပေးကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးမည်ဖြစ်ရာ လှူဒါန်းလိုသူ စေတနာရှင်များ မန္တလေး စီးတီးဟိုတယ်နှင့် မန္တလေး ဂီတအစည်းအရုံးတို့တွင် ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

ဤပွဲမှရရှိသော အလှူငွေများကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ဦးဆောင်မှုဖြင့် ဂီတအနုပညာရှင်များကိုယ်တိုင် လေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းမှ ရေယာဉ်ဖြင့်ထွက်ခွာလာကြရာ ရေယာဉ်ပေါ်၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌွေးက မုန်တိုင်းတိုက်ခတ်ပြီးနောက် ရန်ကုန်ဆိပ်ကမ်းအဝင် ရေကြောင်းတွင် နစ်မြုပ်၊ ကမ်းတင်ခဲ့သည့် ရေယာဉ်များအခြေအနေ၊ ကမ်းတင်ရေယာဉ်များအနက်မှ အချို့ကို ဆွဲချရှင်းလင်းပြီးစီးမှု အခြေအနေ၊ လက်ရှိ ရန်ကုန်ဆိပ်ကမ်းသို့ အပြည်ပြည်ဆိုင်ရာ သင်္ဘောများ ဝင်ထွက်နိုင်မှု အခြေအနေ၊ ရန်ကုန်ဆိပ်ကမ်းရှိ ပြည်တွင်းရေယာဉ်များဆိုက်ကပ်သည့် ဇောတံတားများ နစ်မြုပ်ပျက်စီးမှုအခြေအနေ၊ နစ်မြုပ်ခဲ့သော ဇောတံတားသုံးစင်းကို ပြန်လည်ဆယ်ယူတပ်ဆင်နိုင်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆိပ်ခံဇောတံတားများ အမြန်တပ်ဆင်ပြီးစီးရေး၊ နစ်မြုပ်၊ ကမ်းတင်ရေယာဉ်များ ဆယ်ယူရှင်းလင်းရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ မြန်မာ့ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က မြန်မာ့ရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်၊ တွဲယာဉ်များ နစ်မြုပ်ကယ်ဆယ်မှုအခြေအနေ၊ သယ်ယူကမ်းချပြီးစီးမှုအခြေအနေ၊ ကူးတို့လမ်းခရီးသည်ကုန်တင်ခရီးလမ်းများ ယခင်ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးနိုင်မှုအခြေအနေ၊ လက်ရှိဂျောင်ဝိုင်းတွင်ကမ်းတင်နေသည့် ရေယာဉ်၊ တွဲရေယာဉ်များ ကမ်းချနိုင်ရေးအတွက် ဝန်ထမ်းများက ရေစုပ်ပန့်များအသုံးပြု၍ နော်ဇယ်ထိုးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြစ်အတွင်း နန်းသီတာဆိပ်ကမ်းမှ ဗိုလ်တထောင်ဆိပ်ကမ်း၊ ၎င်းမှ အလုံမြန်မာ့စက်မှုဆိပ်ကမ်း၊ ၎င်းမှ ဆိပ်ကြီးခနောင်တိုမြို့နယ် ဂျောင်ဝိုင်းကျေးရွာသို့သွားရာ ရေလမ်းကြောင်းတစ်လျှောက်၌ နစ်မြုပ်နှင့် ကမ်းတင်ရေယာဉ်များ ပြန်လည်သယ်ယူဆွဲချပြီးစီးမှု၊ ဆိပ်ခံဇောတံတားများ ပြန်လည်သယ်ယူပြင်ဆင်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် နန်းသီတာဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီများ စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများ အမြန်ဆုံးပြင်ဆင်ဆောက်လုပ် ရရှိသောပစ္စည်း၊ လူအင်အားဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်

နေပြည်တော် မေ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် မေ ၂၆ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသော တိုင်းရင်းသားကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

အမှာစကားပြောကြား

ရှေးဦးစွာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က လေဘေးသင့်ကျေးရွာများ၌ ဒေသခံများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ပံ့ပိုးပေးပြီး ရိက္ခာများပြတ်လပ်မှုမရှိအောင်တာဝန်ရှိသူများဖြင့် စီစဉ်ဆောင်ရွက်ထားကြောင်း၊ မုန်တိုင်းဒဏ်မခံရသောမြို့နယ်များသို့ ရောက်ရှိနေသူများအား ကျေးရွာအလိုက် အမည်စာရင်းများ ကောက်ယူ၍ ပျောက်ဆုံးနေသူများ စာရင်းနှင့်အတူ ဆက်သွယ်အကြောင်းကြားပေးလျက်ရှိကြောင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ အနေဖြင့် ဦးစားပေးပြုပြင်ရမည်ဖြစ်သောစာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိက အဆောက်အအုံများကို အမြန်ဆုံးပြီးစီးအောင် ပြင်ဆင်ဆောက်လုပ်ပြီး ပတ်ဝန်းကျင်ကျေးရွာများအတွက်လည်း သွားလာမှုလွယ်ကူကောင်းမွန်ချိန်တွင် ရရှိသောပစ္စည်းများ၊ လူအင်အားများဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ကာ အားကြိုးမာန်တက်ဆောင်ရွက် သွားကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် မိဘမဲ့ကလေးများအတွက်ပြုစုပျိုးထောင်ရေး ဆောင်ရွက်ထားသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းပညာရေးမှူး ဦးခင်မောင်ရီက ဧရာဝတီတိုင်းအတွင်း မြို့နယ်အလိုက် အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားမှု၊ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောင်းများ အခြေအနေနှင့်နိုင်ငံတော်နှင့်UNICEF တို့၏ အစီအစဉ်ဖြင့် ကျောင်းများ ပြန်လည် ဆောက်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကုမ္ပဏီများမှ တာဝန်ရှိသူများက မြို့နယ်အလိုက် ကုမ္ပဏီများ ပူးပေါင်း၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ ပစ္စည်းရရှိမှု၊ ပြင်ဆင်ပြီးစီးမှုနှင့် ပြင်ဆင်ဆဲ အဆောက်အအုံများအခြေအနေ၊လုပ်ငန်းဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာတွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုပေးအပ်ချီးမြှင့်

ရန်ကင်းမြို့နယ် သံဃနာယကအဖွဲ့နှင့် မိုးကောင်းဆုတောင်းပြည့် စေတီတော်ဂေါပကအဖွဲ့တို့ကြီးမှူးကျင်းပသော (၂၅)ကြိမ်မြောက်ယှဉ်ကျေးမှု စာမေးပွဲအောင်မြင်သော ကျောင်းသားကျောင်းသူများအား ဆုပေးပွဲအခမ်းအနားကျင်းပရာ မိုးကောင်းဆုတောင်းပြည့် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းက စာအောင်ကျောင်းသား ၉၆ဦးတို့အား ဆုပေးအပ်ချီးမြှင့်စဉ်။

(၁၇၀)

ကော့မှူး ရေကျော်နှင့် ကျိုက်ထော်(မြောက်)ကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၂၆ ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့နယ် အနောက်ခြမ်း တိုးမြစ်ကမ်းရှိ ရေကျော်ကျေးရွာသို့ စိန်ဝင်းသိန်းရေယာဉ်ဖြင့် ရောက်ရှိသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဝန်ကြီးသည်ရေကျော်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရေကျော်၊ ပျဉ်းကတိုး၊ တလုပ်ထော်၊ ရှာဘွား၊ ကညင်ငူ၊ ခလောင် ကျေးရွာများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ အဆိုပါ ကျေးရွာများရှိ အလကနှင့်အမကကျောင်းခုနစ်ကျောင်းတို့မှကျောင်းအုပ်ဆရာဆရာမကြီးများ၊ တာဝန်ခံဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ကျေးရွာပြန်လည် တည်ဆောက်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပြီး လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ ဆန်၊ သောက်ရေသန့်၊ခေါက်ဆွဲခြောက်၊စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။**(အောက်ပုံ)**

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဝန်ကြီးသည် ကျိုက်ထော်(မြောက်)ရွာသို့ ရေယာဉ်ဖြင့် ထွက်ခွာပြီး ကျိုက်ထော်ရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ကျိုက်ထော်(မြောက်)၊ကျိုက်ထော်(တောင်)၊ အောက်ကျင်း၊ ဥတို(သမဲ့)၊ ကျုံတလာ၊ ပုပွား၊ မော်တော၊ဝါးသခ်၊ မဆယ်ဆိပ်၊ ညောင်ကုန်း ကျေးရွာများမှ ကျေးရွာဥက္ကဋ္ဌများ၊ တိုက်နယ်ဆေးရုံမှ တာဝန်ရှိသူများ၊ အဆိုပါ ကျေးရွာများရှိ အထက်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်းခုနစ်ကျောင်းတို့မှ ကျောင်းအုပ်ဆရာဆရာမကြီးများ၊တာဝန်ခံဆရာဆရာမများအားတွေ့ဆုံ၍ ကျေးရွာပြန်လည်ကယ်ဆယ်ရေး ဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးသည် တိုက်နယ်ဆေးရုံနှင့် စာသင်ကျောင်းများ ပျက်စီးမှုကို ဦးစားပေး အဆင့်လိုက် ပြန်လည်တည်ဆောက်ရေး မှာကြားကာ ကျိုက်ထော်(မြောက်)ရွာ လောကမာန်အောင်ဘုရားတန်ဆောင်း၌လေဘေးသင့် ပြည်သူများအား အားပေးစကားပြောကြားပြီး ဆန်၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ **(သတင်းစဉ်)**

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများလွှဲပြောင်းပေးပို့ တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီးဒေါ်ခင်မြဦးတို့သည် မေ ၁၄ရက် နံနက် ၈ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဆိုင်ကလုန်းမုန်တိုင်းဒဏ် ခံခဲ့ရသော ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ လွှဲပြောင်းပေးပို့ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ခန်းမအတွင်း ပေးပို့မည့်ကယ်ဆယ်ရေးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တိုင်းမှူးနှင့်ဇနီးတို့ဦးဆောင်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ကယ်ဆယ်ရေးပစ္စည်းများကို လက်ဆင့်ကမ်းစနစ်ဖြင့် မော်တော်ယာဉ်များပေါ်သို့ တင်ပို့ပေးကြသည်။ (အောက်ပုံ)

လှူဒါန်း

လေဘေးသင့်ပြည်သူများအတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စောင်အထည် ၉၀၀၀နှင့် ငွေကျပ် ၁၉၉၃သမ၅ သိန်းတန်ဖိုးရှိ ပုဆိုး၊လုံချည် ၉၅၀၀၊ အနောက်မြောက်

တိုင်းစစ်ဌာနချုပ်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စောင်အထည် ၁၀၀၀၀နှင့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ကျား၊မစီး အရွယ်စုံဖိနပ်မျိုးစုံ၊ တိုင်းမှူးနှင့်ဇနီးမိသားစုကငွေကျပ် ၁၀သိန်း၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၁၉ ဒသမ ၅ သိန်း၊ ဦးတင်မောင်(ဟွန်ဒါမြန်မာကုမ္ပဏီ) မိသားစုက ငွေကျပ်သိန်း ၈၀တန်ဖိုးရှိ သကြားအိတ် ၅၀၀၊ ချင်းတွင်းစတားမော်တော်ယာဉ် ထုတ်လုပ်ရေးက ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ စောင်အထည် ၁၀၀၀၊ ရွှေဘိုမြို့ ရုပ်ပျိုတိုင်းရင်းဆေးက တန်ဖိုးငွေကျပ် ၁၈ ဒသမ၅သိန်းတန်ဖိုးရှိ ဆေးမျိုးစုံဘူး ၃၀၀၀၊ ကန့်ဘလူမြို့ မြို့မိမြို့ဖများက ငွေကျပ် ၇၃၂၀၀၀ တန်ဖိုးရှိစားသုံးဆီ ၂၄၄ ပိဿာ၊ တိုင်းကျန်းမာရေးဦးစီးဌာနက ရေသန့်ဆေးရည်၂၄၉သေတ္တာ၊ဦးအောင်ကျော်ကိုး-ဒေါ်ဝင်းဝင်းငွေးမိသားစုက ပုဆိုးအထည် ၂၅၀၊ဦးမျိုးဝင်း- ဒေါ်ခင်စန်းမိသားစုက ပုဆိုးအထည် ၂၅၀၊ စေတနာရှင် အလှူရှင်များက ဆန်အိတ် ၅၅၀၊ ဦးခင်မောင်ဆွေ-ဒေါ်မော်မော်ဝင်းမိသားစုက အဝတ်အထည် မျိုးစုံ ၁၇၃ ထည်၊ ဦးသန်းထွန်း-ဒေါ်တင်ယုမေ မိသားစုက စောင်အထည် ၁၂၀၊ တိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက ပုဆိုးအထည် ၅၀၊ ဦးသန်းရွှေ-ဒေါ်ခင်ဝင်းမိသားစုက အထည်မျိုးစုံ ၃၄၁ထည် အပါအဝင် လူမှုရေးအသင်း အဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်အလှူရှင်များက ဆန်၊ ဆီ၊ အဝတ်အထည်၊ စောင်၊ ဆပ်ပြာ၊ ဆေးဝါး၊ ရေသန့်ဘူး၊ စားသောက်ကုန်များနှင့် အလတ်စား လယ်ထွန်စက်နှစ်စီး စုစုပေါင်း ပစ္စည်းတန်ဖိုးငွေကျပ် ၁၁၀၃၈၈၈၆၀ လှူဒါန်းကြသည်။

ပို့ဆောင်ပေး

ကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်မော်တော်ယာဉ် ၁၅စီး၊ ဌာနဆိုင်ရာမော်တော်ယာဉ် ငါးစီး စုစုပေါင်းအစီး ၂၀ဖြင့် မုံရွာမြို့မှ လေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာအေးကုန်းမြေ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယမန်နေ့ နံနက်ပိုင်းက ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၏ အတွင်းအပြင် ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ၊ လိုဏ်ဂူတော်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် လိုဏ်ဂူတော်တွင် ကျင်းပမည့် အကြိမ်(၆၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားအတွက် ကြိုတင်ခင်းကျင်းပြင်ဆင်ထားရှိမှု အခြေအနေ၊ ဆဋ္ဌပြတိုက်၊ ကျောင်းဆောင်ကြီးလေးဆောင်၊ ဆွမ်းစားဆောင် ဆောင်ရွက်ထားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမီး၏

လပွတ္တာမြို့နယ်အတွင်း ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

သတင်းဆောင်းပါး- မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံ- ပါစီ(သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု- ထိန်လင်း

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ ဦးဆောင်မှုဖြင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများရှိ ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ကဏ္ဍအလိုက် အစီအမံများ ချမှတ်ဆောင်ရွက်လျက် ရှိသည်။

လေဘေးသင့် ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်သည့် လပွတ္တာမြို့နယ်သည် ငါးမွေးမြူရေးဧက ၅၃ ဒသမ၉၈ဧက၊ရေငန်ပုစွန်မွေးမြူရေးကန်ဧရိယာ ၁၄၄၅၉ ဒသမ ၃၉ ဧက အပါအဝင် မြို့နယ်တစ်ခုလုံး ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ဘုံငါးဖမ်းလုပ်ငန်းတို့ဖြင့်ရေလုပ်ငန်း ဖွံ့ဖြိုးရာ ဒေသတစ်ခု ဖြစ်သည်။

ထို့ကြောင့် လပွတ္တာမြို့နယ်အတွင်း ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက လိုအပ်သော စာရင်းဇယားများကို ကောက်ယူ၍ လိုအပ်သော ငါးဖမ်းကိရိယာပစ္စည်းများ ဖြန့်ဝေပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

လပွတ္တာဘဏ်ခွဲတာဝန်ခံ လက်ထောက်မန်နေဂျာ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ဝင်းငွေ။

မြန်မာ့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက် (လပွတ္တာဘဏ်ခွဲ)။

အလားတူ တနင်္သာရီတိုင်းမှ ရေလုပ်ငန်းရှင်များကလည်း လပွတ္တာမြို့နယ်အတွင်းရှိ ရေလုပ်သားများ၊ ရေလုပ်ငန်းရှင်များအတွက် လိုအပ်သော ငါးဖမ်းကိရိယာများကိုလှူဒါန်းပေးသွားမည် ဖြစ်သကဲ့သို့ ဈေးနှုန်းသက်သာစွာဖြင့်လည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (လပွတ္တာဘဏ်ခွဲ)မှ မြို့နယ်အတွင်းရှိ ရေလုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးသွားမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ လပွတ္တာဘဏ်ခွဲတာဝန်ခံလက်ထောက်အထွေထွေမန်နေဂျာဒုတိယဗိုလ်မှူးကြီး ဝင်းငွေ(ငြိမ်း)က **“အကြမ်းဖျင်း ဒီဒေသက တချို့အတော်များများ အသက်ဆုံးရှုံးခဲ့ရသလို ပုစွန်ကန်တွေလည်း ဆုံးရှုံးခဲ့ရပါတယ်။ ဒီဒေသမှာ ဆားကျင်းနဲ့တွဲပြီး ပုစွန်မွေးကြသလို ပိုတာကို စပါးစိုက်ကြပါတယ်။ မိမိတို့အနေဖြင့် လပွတ္တာမြို့နယ်မှာ အရင်တုန်းကလုပ်ငန်းရှင်၃၀ကို တစ်ဦးလျှင် သိန်း၂၀၀၊၃၀၀ချေးခဲ့ဖူးပါတယ်။ဘဏ်ရဲ့ ပေါ်လစီအရ ပိုင်ဆိုင်မှုအပေါ် မူတည်ပြီး ချေးခြင်းဖြစ်ပါတယ်။ ပုစွန်တကယ်မွေးသူတွေကို တစ်ဧက ငါးသောင်း စတင်ချေးပေးပြီး ကူညီပေးခဲ့ပါတယ်။ ပိုင်ဆိုင်မှုနဲ့ ခိုင်မာမှုအပေါ် မူတည်ပြီး တစ်သိန်းကနေ လေးသိန်းအထိချေးကာ အားပေးကူညီခဲ့ပါတယ်။ ၂၀၀၁ခုနှစ် တုန်းကဆိုရင် အထူးချေးငွေနဲ့ထုတ်ချေးဖူးပါတယ်။ ၂၀၀၅ခုနှစ် ဘဏ်လာဖွင့်တဲ့ အချိန်မှာတော့ ဘဏ်ရဲ့ပေါ်လစီ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ပေးပါတယ်။ ဘဏ်ချေးငွေရဲ့သဘောတရားကတော့ ချေးငွေကို တစ်နှစ်ပြည့်ရင်ပြန်ဆပ်ရပါတယ်။ ယခု လေဘေးသင့် လုပ်ငန်းရှင်တွေကိုတော့ ပြန်ဆပ်ရမယ့်ချေးငွေတွေကို ခေတ္တ ပြန်မဆပ်ဖို့၊ အတိုးကိုလည်း ဆပ်နိုင်တဲ့အချိန်မှ ခွဲဆပ်ဖို့၊ ဒဏ်ကြေးတွေကိုလည်း ကင်းလွတ်ဖို့ တာဝန်ရှိသူတွေက ညွှန်ကြားထားပါတယ်။ ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက် အသစ်တွေ ထပ်မံညွှန်ကြားလာရင်လဲ လုပ်ထုံးလုပ်နည်းနဲ့အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားပါမယ်”**ဟု အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

မိမိတို့သတင်းအဖွဲ့ဝင်များသည် လပွတ္တာမြို့နယ်ကမ်းနားတစ်လျှောက် ဆက်လက်ခြေဆန့်ခဲ့ရာ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရုံးရှေ့အရောက်တွင် ကြော်ငြာဘုတ်တစ်ခုကိုတွေ့မြင်ရ၍ ဖတ်ကြည့်မိရာ **“ငါး၊ ပုစွန်များဝယ်ရန်အတွက် ရန်ကုန်မြို့ Golden Orient Co., ရောက်ရှိနေပါသည်။ မြို့ပေါ် ငါး ပုစွန် အဝယ်ဒိုင်များသို့ ပုံမှန်ရောင်း နိုင်ကြောင်း အသိပေး အကြောင်းကြားပါသည်”**ဟု တွေ့ရသည်။

ဈေးကွက်နှင့်လုပ်ငန်းသုံးပစ္စည်းကိရိယာများက ရေလုပ်သားကြီးများအား လုပ်ငန်းခွင်သို့ဝင်ရောက်ကြရန် နှိုးဆော်လာချေပြီ။ မုန်တိုင်းဒဏ်ကြောင့် တစ်ဦးတစ်ယောက်၊ မိသားတစ်စု၊ ဆွေမျိုးတစ်သိုက်၊ ဒေသတစ်ခုအနေဖြင့်ဆုံးရှုံးမှုများက ကြီးမားလှပါဘိ။

သို့ဆိုစေကာမူ ရိုးသားကြိုးစား ဧရာဝတီသားတို့၏ဂုဏ်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ပံ့ပိုးမှု၊ နိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်ကြီးများ၏ပူးပေါင်းကူညီမှုတို့ဖြင့် ဧရာဝတီသားတို့သည် **“လှေခွက်ချည်းကျန်အလံမလှဲစတမ်း”** ဟူသော စိတ်ဓာတ်ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြမည်ဟုကျွန်တော် ယုံကြည်မိပါသည်။ ။

ဘဏ်ရဲ့ ပေါ်လစီ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ပေးပါတယ်။ ဘဏ်ချေးငွေရဲ့ သဘောတရားကတော့ ချေးငွေကို တစ်နှစ်ပြည့်ရင် ပြန်ဆပ်ရပါတယ်။ ယခု လေဘေးသင့် လုပ်ငန်းရှင်တွေကိုတော့ ပြန်ဆပ်ရမယ့် ချေးငွေတွေကို ခေတ္တပြန်မဆပ်ဖို့၊ အတိုးကိုလည်း ဆပ်နိုင်တဲ့ အချိန်မှ ခွဲဆပ်ဖို့၊ ဒဏ်ကြေးတွေကိုလည်း ကင်းလွတ်ဖို့ တာဝန်ရှိသူတွေက ညွှန်ကြားထားပါတယ်။

လပွတ္တာဘဏ်ခွဲအတွင်း ဘဏ်လုပ်ငန်းများ လည်ပတ်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။

ရန်ကင်းမြို့နယ် အဝေရာလမ်း အမှတ် ၃၁(က)နေ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးတင်ရ-ဒေါ်နီနီ၊ သမီး မလှဲ့လှဲ့ဝင်း၊ သား မောင်တင်ထွန်းလင်း၊ မောင်အောင်ကျော်မင်း၊ မောင်သန်းစိုးဝင်းတို့က ကြေးပြားလေးချပ် တန်ဖိုးငွေ ကျပ် ၁၀၄၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

လေဘေးသင့်ပြည်သူများအတွက် နေပြည်တော်ပျဉ်းမနားခရိုင်မှ ပြည်သူများက

အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၂၈

လေဘေးသင့်ပြည်သူများအတွက် နေပြည်တော်ပျဉ်းမနားခရိုင်ရှိ ပြည်သူများက အလှူငွေနှင့် စားသောက်ပစ္စည်းများ လှူဒါန်းပွဲကို မေ၂၂ရက် နံနက် ၉နာရီက နေပြည်တော်ပျဉ်းမနားခရိုင် ပေါင်းလောင်း အားကစားခန်းမဥ္ဇကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေနှင့်ပစ္စည်းများကို လက်ခံသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် နေပြည်တော်ပျဉ်းမနားခရိုင်ရှိ ဌာနဆိုင်ရာဝန်ထမ်းများက ငွေကျပ် ၉၆၇၉၆၀၀၊ နေပြည်တော်ပျဉ်းမနားမှပြည်သူများက ငွေကျပ် ၁၀၅၆၀၀၀၀၊ KTMA သောက်ရေသန့်ကုမ္ပဏီက ငွေကျပ်သိန်း၂၀၊ ဉာဏ်ဦး စားသောက်ဆိုင်က ငွေကျပ်၁၀သိန်း၊ ခေတ်သစ်အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးက ငွေကျပ်၁၀သိန်း၊ နေပြည်တော်တပ်ကုန်းမှ ပြည်သူများက ငွေကျပ် ၅၁၂၂၅၀၀၊ နေပြည်တော်လယ်ဝေးမှ ပြည်သူများက ငွေကျပ်၁၅သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသော နေပြည်တော်ပျဉ်းမနားခရိုင် ပြည်သူများက လေဘေးသင့် ပြည်သူများအတွက် ဆန်အိတ်၂၀၅အိတ်၊ အစားအစာနှင့် ဆေးဝါးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ သံဃာအသုံးအဆောင်ပစ္စည်းများ အပါအဝင် ငွေကျပ် ၄၃၈၁၅၈၀၀ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

OD Tour မိသားစုနှင့် ခရီးသွားမိတ်ဆွေများ ပရဟိတအလှူ

ရန်ကုန် မေ ၂၈

OD Tour မိသားစုနှင့် ခရီးသွားမိတ်ဆွေများက ပရဟိတကျောင်းများသို့ (၅)ကြိမ်မြောက် အလှူအဖြစ် ဒိုက်ဦးမြို့ ကန်တော်မင်္ဂလာ ပရဟိတကျောင်းရှိ သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ ပရဟိတကျောင်းရှိ ကျောင်းသားကျောင်းသူများအား အာဟာရ ထမင်းကျွေးပြီး စာအုပ်၊ စာရေးကိရိယာအစုံအလင် လှူဒါန်း၍ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ လိုက်ပါသောအလှူရှင်များ၏ လှူဖွယ်များကိုလှူဒါန်းခြင်း၊ အသက် (၉၀)အထက် ဘိုးဘွားများအား လှူဖွယ်ပစ္စည်းအစုစုတို့ကို လှူဒါန်းခြင်း၊ ပဲခူးမြို့ ပန်းခြံကုန်း ပရဟိတကျောင်း၊ တိုက်ကြီးမြို့ အေးချမ်းသာကျောင်း၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရွှေတောင်တိုက်သစ်ကျောင်းရှိ ကျောင်းသား ကျောင်းသူကလေးများကို စာအုပ်နှင့် စာရေးကိရိယာ အစုံအလင်နှင့် အခြားလှူဖွယ်ပစ္စည်းတို့ကို ဇွန်၁ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် OD Tour ရုံးခန်းမှသွားရောက်လှူဒါန်းမည်ဖြစ်ပါသဖြင့် OD ခရီးသွားမိတ်ဆွေများ ကိုယ်တိုင်လိုက်ပါ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

နှစ်အကူးမှာတော့ ပုရစ်ဖူးတို့ ဝေကြပေလိမ့်မည်

နာဂစ်မုန်တိုင်းကြောင့် အိမ်ရှေ့မှ သစ်ပင်ကြီးတစ်ပင် လဲကျသွားခဲ့သောကြောင့်လည်းကောင်း၊ ဘုရားငါးဆူကုန်းပေါ်မှ သစ်ပင်များ လေဒဏ်ခံရ၍ ရှိသမျှသစ်ရွက်သစ်ခက်များ လေနောက်ပါသွားကာ အရိုးပြိုင်းပြိုင်းဖြစ်ကုန်ကြ၍လည်းကောင်း၊ မြင်ကွင်းရှင်းသွားသောကြောင့် အိမ်ဝရန်တာမှ လှမ်းမျှော်ကြည့်လိုက်လျှင် ရွှေရောင်တဝင်းဝင်းနှင့် ရွှေတိဂုံဘုရားကြီးကို အထက်ပစ္စယာအနားအထိ ဖူးမြော်ခွင့်ရခဲ့သည်။ ယခင်က ညအခါ ဆလိုက်မီးရောင်မျှသာ မြင်ရပြီး ကံကောင်းမှ စိန်ဖူးတော်ကို မြင်ခွင့်ရခဲ့ရာမှ နာဂစ်ကျေးဇူးကြောင့် မပင်မပန်း ဘုရားဖူးရပေသည်ဟု မကောင်းဆိုးဝါးမုန်တိုင်းကိုပင် ကြံဖန်ကျေးဇူးတင်ရသည်။

သည်။ ပြည်တွင်းရှိ အနယ်နယ်အရပ်ရပ်မှ ငွေကြေးနှင့်ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ၊ လူအင်အား၊ ယာဉ်ယန္တရားအင်အားများ စုပြုံရောက်ရှိ ထောက်ပံ့ကူညီခဲ့ကြသကဲ့သို့ ကမ္ဘာတစ်လွှားရှိ နိုင်ငံများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစေတနာရှင်များ၊ အဝေးရောက်မြန်မာများကလည်း ငွေအား၊ ပစ္စည်းအားဖြင့် အားတက်သရော ထောက်ပံ့ လှူဒါန်းခဲ့ကြသည်။ ပြည်တွင်းမှ ငွေနှင့်ပစ္စည်းတန်ဖိုး ကျပ်သန်းပေါင်း ၇၃၀၀ကျော်ဖိုး၊ ပြည်ပမှ ပစ္စည်းတန်ဖိုး၂၉၀၀ ကျော်ခန့် ရက်သတ္တနှစ်ပတ်ခန့်အတွင်း လက်ခံရရှိခဲ့သည်။

မေလ ၂၅ ရက်နေ့တွင်မူ နိုင်ငံပေါင်း ၅၁ နိုင်ငံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက

မြန်မာနိုင်ငံအတွင်း အဆီးအတားမရှိ လွတ်လပ်စွာဝင်ရောက်လုပ်ကိုင်ခွင့် Free Access ရမှ အကူအညီများ စို့စို့ပို့ပို့ ထပ်မံပေးအပ်မည်ဆိုသော အသံများကိုလည်း ကြားရပြန်သည်။ Free Access ဆိုသည့်စကားက ရိုးရိုးလေးနှင့် အတော်ပင်တာသွားသည့် စကားမျိုးဖြစ်သည်။ သဘောရှိ၊ ကရောဟိ၊ လုပ်ချင်တာသာ လုပ်ကြပါတော့ဟုဆိုကာ အိမ်ခြံဝင်း တံခါး၊ အိမ်မကြီးတံခါး၊ အိပ်ခန်းတံခါး၊ မီးဖိုချောင်တံခါး အားလုံးကိုဖွင့်ပေးမှ ကျေနပ်မည့် အဆင့်မျိုးအထိ ရောက်ရှိသွားနိုင်သည်။ စဉ်းစားဖို့ကောင်းလှသည်။

သို့သော် မုန်တိုင်းအပြီး ရက်နှစ်ဆယ်ခန့်ကြာသောအခါ မြင်နေကျ ရွှေတိဂုံဘုရားကြီးကို သဲသဲကွဲကွဲ မမြင်ရတော့ပေ။ သေချာစူးစမ်းကြည့်ရှုလိုက်သောအခါမှ လေဒဏ်ခံထားရသော အရိုးပြိုင်းပြိုင်း သစ်ပင်များမှာ ရွက်နုများဖြင့်ဝေနေသည့်အတွက် မြင်ကွင်းမှာ သစ်ရွက်နုနုစိမ်းစိမ်းတို့ဖြင့် ဖုံးကွယ်နေသည်ကို သတိထားမိသည်။

"ဪ-သစ်ပင်တွေတောင်မှ လေဒဏ်ခံခဲ့ရာမှ သူတို့သဘာဝအလျောက် ရှန်းထထူထောင်လာနိုင်ခဲ့ပါကလား"ဟု အတွေးပေါက်မိသည်။ သည်သစ်ပင်တွေခမျာ မည်သည့်နိုင်ငံခြားအကူအပံ့ကိုမျှ ရကြသည်မဟုတ်၊ ခေါက်ဆွဲခြောက်ထုပ်ကိုလည်း မမြင်ရ၊ ရွက်ဖျင်တဲနှင့်လည်း အရိပ်မခိုရ၊ သောက်ရေသန့်လည်း မရကြရှာပါ။ သို့သော် မုန်တိုင်းနောက်မှကပ်၍ပါလာသော မိုးတစ်ပြိုက်နှစ်ပြိုက်နှင့် မြေဆီသြဇာကောင်းမွန်လှသော သဘာဝမြေကြီးတို့၏ အကူအညီဖြင့် အရွက်အခက်တို့ စိမ်းစိမ်းညိုညို ဝေတက်၍လာကြသည်။ အမိမြေ၊ အမိရေနှင့် ကိုယ့်အားကိုယ်ကိုး၍ အစောဆုံးပြန်လည်ထောင်မတ်လာသူများပင်တည်း။

လူဆိုတာကတော့ သစ်ပင်ကဲ့သို့ မဟုတ်ချေ။ ရှိသမျှ ပစ္စည်းဥစ္စာ၊ ပိုင်ဆိုင်သမျှ အိုးအိမ်တိုက်တာနှင့် တွယ်တာနှောင်ဖွဲ့ရသည့် မိသားစုဝင်များပါမကျန် တစ်မဟုတ်ချင်း တိုက်စားဝါးမျိုဖုံးလွှမ်းသွားခဲ့သည့် လေဒဏ်၊ ရေဒဏ်တို့ကို ခံစားလိုက်ရပြီးနောက်တွင် စိတ်ရောကိုယ်ပါ အထိနာခဲ့ကြရသည်။ ဘဝ၊ မျှော်လင့်ချက်နှင့် အသက်ဆက်လက်ရှင်သန်ရေးအတွက် အနာဂတ်က မှုန်ဝေမှိုင်းရီနေခဲ့သည်။ မိမိတစ်ဦးတည်းခွန်အားဖြင့် လဲကျရာမှ ပြန်ထနိုင်ရန် ခက်နေလျက်ရှိသည်။ သို့သော်လည်း လူဆိုသည်မှာ အသိုင်းအဝိုင်း၊ အဖွဲ့အစည်းဖြင့် နေထိုင်ရှင်သန်ရသော သတ္တဝါဖြစ်ရကား တစ်ဦးတည်းဖြင့် မနိုင်သော်ငြား အများက ဝိုင်း၍ ကူပံ့ဆွဲထူပေးကြ

မြန်မာနိုင်ငံကို ကူညီထောက်ပံ့ရေးအတွက် ကတိကဝတ်ပြုသည့် Pledging Conference တစ်ရပ် ညှိနှိုင်းကျင်းပဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲရလဒ်များအရ မြန်မာနိုင်ငံတွင် လေဘေးဒဏ်ခံစားခဲ့ကြရသည့် ပြည်သူများအတွက် နိုင်ငံတကာမှ အကူအညီများပေးအပ်လှူဒါန်းရန် ကတိကဝတ်ပြုခဲ့ကြသည်ဟု သိရသည်။ ဝမ်းသာပါ၏၊ သာဓုခေါ်ပါ၏။

ကွန်ဖရင့်မှထွက်လာသည့် အသံအမျိုးမျိုးကိုလည်း ကြားရသည်။ အပြုသဘောဆောင်သော အသံ၊ အပျက်သဘောနွှယ်သော အသံ၊ အချို့က မေတ္တာ၊ ကရုဏာအစစ်ဖြင့်ပြောသောအသံ၊ အချို့က လောဘ၊ ဒေါသ၊ မောဟ၊ ဗျာပါဒလွှမ်းသည့် အောက်ကလိအာအသံ။

ပြည်ပမှ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမဆို စေတနာသန့်သန့်ဖြင့် နိုင်ငံရေးပယောဂများ၊ နှောင်ကြိုးများမပါဘဲ ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်စွာဖြင့် လက်ခံလျက်ရှိကြောင်း၊ လေဘေးသင့်ဒေသအတွင်းသို့ လာရောက်လေ့လာ ကြည့်ရှုလိုသူများကိုလည်း ထိုက်သင့်သလို စီမံကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ဆေးအဖွဲ့များကိုလည်း ခွင့်ပြုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းရှင်းလင်းလင်း ပြောကြားသွားသည့် ကွန်ဖရင့်အဖွင့်မိန့်ခွန်းကိုလည်း ကြားရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကလည်း မကြာသေးမီ ရက်ပိုင်းအတွင်းက မြန်မာနိုင်ငံခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ရာတွင် မိမိအနေဖြင့် ကျေနပ်အားရမှုရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များအား ဝင်ရောက်ခွင့်ပေးရေးနှင့်စပ်လျဉ်း၍ သဘောတူညီမှုရရှိခဲ့ကြောင်း၊ မကြာမီရက်များ

လှိုင်အောင်

အတွင်း လေဘေးဒဏ်ခံပြည်သူများအတွက် အကူအညီအထောက်အပံ့များ တိုးတက်ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူ ၁ဒသမ၅သန်းခန့်ကို လာမည့် သုံးလခန့်အတွင်း အရေးပေါ်အကူအညီပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၂၀၁သန်းခန့် လိုအပ်မည်ဖြစ်ကြောင်း၊ ယနေ့အထိ ထိုပမာဏ၏ ၃၀ရာခိုင်နှုန်းခန့်ကို ရရှိပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၂၀ရာခိုင်နှုန်းရရှိရန် ကတိကဝတ်များလည်း ရရှိပြီးဖြစ်ကြောင်း စသည်ဖြင့် အားတက်ဖွယ် အပြုသဘောဆောင်ပြောကြားခဲ့သည်။

သို့သော် မြန်မာနိုင်ငံအတွင်း အဆီးအတား မရှိ လွတ်လပ်စွာ ဝင်ရောက်လုပ်ကိုင်ခွင့် Free Access ရမှ အကူအညီများ စို့စို့ပို့ပို့ ထပ်မံပေးအပ်မည်ဆိုသော အသံများကိုလည်း ကြားရပြန်သည်။ Free Access ဆိုသည့်စကားက ရိုးရိုးလေးနှင့် အတော်ပင် တာသွားသည့် စကားမျိုးဖြစ်သည်။ သဘောရှိ၊ ကရောဟိ၊ လုပ်ချင်တာသာလုပ်ကြပါတော့ဟု ဆိုကာ အိမ်ခြံဝင်းတံခါး၊ အိမ်မကြီးတံခါး၊ အိပ်ခန်းတံခါး၊ မီးဖိုချောင်တံခါး အားလုံးကို ဖွင့်ပေးမှ ကျေနပ်မည့်အဆင့်မျိုး အထိ ရောက်ရှိသွားနိုင်သည်။ စဉ်းစားဖို့ကောင်းလှသည်။

မြန်မာအစိုးရက ပြည်ပအကူအညီတွေကိုလက်မခံဘဲ ပိတ်ဆို့ဟန့်တားနေသည်၊ နိုင်ငံတကာက လှူချင်၊ ကူချင်ပါလျက် တံခါးပိတ်ထား၍ မကူနိုင်ဘဲ ဖြစ်နေသည်။ နိုင်ငံတကာ အကူအညီများ လုံလောက်စွာ မရ၍ လေဘေးဒဏ်ခံပြည်သူများ ဒုက္ခရောက်နေသည်။ လူတစ်သန်းခန့် မကြာမီအငတ်ဘေးဆိုက်၍ သေဆုံးရတော့မည်။ ဝမ်းရောဂါကပ်ဘေး ဆိုက်တော့မည်စသည်ဖြင့် တစ်ဖက်သတ်အဆိုးမြင်ဖြင့် ပုတ်ခတ်ဝေဖန်သံများလည်း ကြားရသည်။

မြန်မာနိုင်ငံက တံခါးဖွင့်ပေးထားသည့်အခါ၌ကော အမှန်တကယ် အကူအညီတွေ ဒလဟောဝင်လာကြပါသလော။ မြန်မာနိုင်ငံဘက်က ပျက်စီးမှုနှင့်ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်က ဒေါ်လာ ၁၁ဘီလီယံခန့်၊ ယခုကတိပြုသွားခဲ့ကြသည်က ဒေါ်လာသန်း ၁၅၀ကျော်ခန့်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းပြောဆိုသွားခဲ့သည့် အရေးပေါ် သုံးလစာ အကူအညီအတွက် ဒေါ်လာ ၂၀၁သန်းပမာဏကိုပင် မပြည့်မီသေး။

လေဘေးဒဏ်ကြောင့် ဆုံးရှုံးသွားခဲ့ရသည့် အသက်ပေါင်းများစွာ၊ ထိခိုက်ခံစားရသည့် ဘဝပေါင်းများစွာအတွက် နိုင်ငံရေးအမြတ်မထုတ်ဘဲ အမှန်တကယ်ကော စာနာထောက်ထားကူညီကြပါသလား။ အမှန်တကယ် ကရုဏာ၊ စေတနာအပြည့်ဖြင့် ကူညီပံ့ပိုးခဲ့ကြသည့် မိတ်ကောင်းဆွေကောင်း နိုင်ငံများ၊ အဖွဲ့အစည်းများလည်း အများအပြားရှိပါသည်။ သို့သော်---

စေတနာခေါင်းပါးကြောင်း ပေါ်လွင်(…)
လည်း စိတ်မကောင်း ဖြစ်ရသည်။ ဥပမာ-(…)
အင်ဒိုနီးရှားနိုင်ငံကို ချက်ချင်းလက်ငင်းအ(…)
ကမ္ဘာ့ငွေကြေးအဖွဲ့ကြီးတစ်ခု၏ ပြောရေးဆိုခွ(…)
ထိခိုက်ခံစားခဲ့ရသည့် မြန်မာနိုင်ငံမှ ပြည်သူ(…)
မချေးနိုင်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် အင်အားအလွန်ပြင်း(…)
တော့မည်ဟု သိနေသည့်ကာလ၌ပင် မြန်မ(…)
တစ်ခုကလည်း ရှိသေးသည်။

ဤလုပ်ရပ်များသည် လူသားချင်းစာ(…)
မည်လော။ သိချင်စမ်းပါလှသည်။

မြန်မာပြည်သူများအတွက်မူ နိုင်ငံ(…)
မိမိတို့ဘာသာ ရပ်တည်ထူမတ်နိုင်သူများဖြ(…)
များကို နှစ်စဉ်ကူညီထောက်ပံ့သည့်နှုန်းထား(…)
နိုင်ငံများတွင် အနည်းဆုံးရရှိမှုဖြစ်သည်။
မြစ်ကူးတံတားကြီးများ၊ မိုင်ချီရှည်လျားသော(…)
ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ် စီမံကိန်း(…)
ဆောက်လုပ်နိုင်ခဲ့ပြီးဖြစ်သည်။

ယခု နာဂစ်လေမုန်တိုင်းကြီး၏ ရတ်(…)
ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်များအတွက်မူ (…)
ကူညီကြသည်များကို မြန်မာပြည်သူတို့က (…)

မည်သို့ပင်ဖြစ်စေ အမိဧရာဝတီ၏ (…)
ရေခံမြေခံကောင်း၊ အခြေခံကောင်းများ ရှိ(…)
ဘီစကွတ်မုန့်တို့ လိုကောင်းလိုပါလိမ့်မည်။ (…)
ဆောင်းအုပ်၊ ခန္တဲပက်၊ ကွန်ပစ်လိုက်ရုံဖြင့် ပ(…)
သုံးဦးစပ်ငါးပိရည်ကျိုကို ငါးပနော်မီးအုံးထ(…)
ထိကရုံးစသည့် ဟင်းသီးဟင်းရွက်ပင်များ(…)
မြန်မာလယ်သမားများ ထမင်းစားမြိန်သလို(…)
ဖြစ်ပါသည်။ မိုးဦးကျမှာ ထွက်လာတတ်သ(…)
ထွက်၍ ရိုက်ဦးမလား စားစရာတွေက (…)
များ မစားရလျှင်လည်း ဧရာဝတီသားတို့ (…)
ကာလကြာရှည် ကျပ်တည်းဆင်းရဲခဲ့သည့် (…)
အမိ ဧရာဝတီ၏ ကျေးဇူးဖြင့် မြေဆီသြဇာ(…)
ဝင်ရုံမျှဖြင့် လုံးဝစိုက်မရအောင် အခြေအနေ(…)

ယခုလို **နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလ(…) ပြည်ပနိုင်ငံ အဖွဲ့အစည်းများ၏ အားတက်(…) ထူထောင် တည်ဆောက်ပေးမှုများရရှိ(…) သည်တစ်မိုးတွင်းသာ ဧရာဝတီသား(…) အတွက်လည်း နေဖို့၊ စားဖို့၊ စပါးမျိ(…) အခြားလုပ်ငန်းရှင်များ အဖွဲ့အစည်းများ(…)**

တစ်မိုးကုန် တစ်ဆောင်းပေါက်က(…) ဧရာတစ်ဝန်းမှာ စပါးရွှေဝါတွေ လွှမ်းနို(…) ဖူးလုံလာကြပေလိမ့်မည်။

အမိမြေ၊ အမိရေတို့၏ ကျေးဇူးဖြ(…) အမှန်ပင်။ ။

**နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊
များနှင့် ပြည်ပနိုင်ငံ အဖွဲ့အစည်းများ၏ အားတ(…)
စောင့်ရှောက် မှုများ၊ ပြန်လည်ထူထောင် တည်ဆော(…)
အခြေအနေတွင် ပို၍ပင်စိုးရိမ်ဖွယ် မရှိလှပါ။ သည်(…)
သားတို့ တောင့်ခံထားဖို့ လိုပါလိမ့်မည်။ တောင့်ခံနိုင်(…)
စားဖို့၊ စပါးမျိုးရဖို့၊ ထွန်စက်၊ ကျွဲ၊ နွားရဖို့ကအ(…)
လုပ်ငန်းရှင်များ အဖွဲ့အစည်းများက ကူညီပေးလျှ(…)**

စေတနာခေါင်းပါးကြောင်း ပေါ်လွင်သည့်အချို့သော အခြင်းအရာများကို တွေ့ရမြင်ရသောအခါ၌လည်း စိတ်မကောင်း ဖြစ်ရသည်။ ဥပမာ- ၂၀၀၄ခုနှစ် ဆူနာမီလှိုင်းဘေး ထိခိုက်ခံစားရသည့် အင်ဒိုနီးရှားနိုင်ငံကို ချက်ချင်းလက်ငင်းအရေးပေါ် ထောက်ပံ့ငွေ ဒေါ်လာ ၂၅သန်း ပေးအပ်ခဲ့သည့် ကမ္ဘာ့ငွေကြေးအဖွဲ့ကြီးတစ်ခု၏ ပြောရေးဆိုခွင့်ရှိသူက အလားတူ လေဘေးရော၊ ရေဘေးပါ အကြီးအကျယ် ထိခိုက်ခံစားခဲ့ရသည့် မြန်မာနိုင်ငံမှ ပြည်သူများအတွက်မူ ငွေကြေးအကူအညီလည်း မပေးနိုင်၊ ငွေလည်း မချေးနိုင်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် အင်အားအလွန်ပြင်းထန်သည့် မုန်တိုင်းကြီးတစ်ခု မလွဲမသွေ မကြာမီဝင်ရောက်တော့မည်ဟု သိနေသည့်ကာလ၌ပင် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု တိုးမြှင့်သည့် နိုင်ငံကြီးတစ်ခုကလည်း ရှိသေးသည်။

ဤလုပ်ရပ်များသည် လူသားချင်းစာနာတတ်သော နှလုံးသားရှိသူများ၏ လုပ်ရပ်ဟု ဆိုနိုင်ပါမည်လော။ သိချင်စမ်းပါလှသည်။

မြန်မာပြည်သူများအတွက်မူ နိုင်ငံခြားအကူအညီ အထောက်အပံ့ဆိုသည်မှာ မရလျှင်လည်း မိမိတို့ဘာသာ ရပ်တည်ထူမတ်နိုင်သူများဖြစ်ကြသည်။ တစ်ကယ်တော့ နိုင်ငံတကာက မြန်မာပြည်သူများကို နှစ်စဉ်ကူညီထောက်ပံ့သည့်နှုန်းထားမှာ လူတစ်ဦးလျှင် သုံးဒေါ်လာခန့်သာရှိပြီး ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများတွင် အနည်းဆုံးရရှိမှုဖြစ်သည်။ သို့သော် မည်သူ့အကူအပံ့မပါဘဲ မိုင်ချီရှည်လျားသော မြစ်ကူးတံတားကြီးများ၊ မိုင်ချီရှည်လျားသော တောင်ဖောက်ဥမင် လိုဏ်ခေါင်းကြီးများ၊ မဂ္ဂါဝပ်ထောင်ချီ ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ် စီမံကိန်းကြီးများ၊ ရာချီသည့် ဆည်မြောင်းတာတမံများကို မြန်မာတို့ ဆောက်လုပ်နိုင်ခဲ့ပြီးဖြစ်သည်။

ယခု နာဂစ်လေမုန်တိုင်းကြီး၏ ရက်ခြည်းပြင်းထန်လှသော အဖျက်အင်အားကြောင့် ကြီးမားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်များအတွက်မူ နိုင်ငံတကာမိသားစုမှ စေတနာမေတ္တာအပြည့်ဖြင့် ထောက်ပံ့ကူညီကြသည်များကို မြန်မာပြည်သူတို့က လှိုက်လှဲဝမ်းသာစွာ လက်ကမ်းကြိုဆိုနေပါသည်။

မည်သို့ပင်ဖြစ်စေ အမိဧရာဝတီ၏ နွေးထွေးသောရင်ခွင်၌ ဧရာဝတီသား မြန်မာတို့အတွက် ရေခံမြေခံကောင်း၊ အခြေခံကောင်းများ ရှိပြီးဖြစ်သည်။ ယာယီအားဖြင့် ခေါက်ဆွဲခြောက်ထုပ်နှင့် ဘီစကွတ်မုန့်တို့ လိုကောင်းလိုပါလိမ့်မည်။ သို့သော် ဧရာဝတီသားတို့အတွက် လယ်ကြား၊ မြောင်းကြားမှ ဆောင်းအုပ်၊ ခန္တွဲပက်၊ ကွန်ပစ်လိုက်ရုံဖြင့် ပရိုတိန်းဓာတ် အပြည့်ပါသော ငါးများ ဟင်းစားရနိုင်ပါသည်။ သုံးဦးစပ်ငါးပိရည်ကျိုကို ငါးပနော်မီးအုံးထည့်ပြီး လယ်စပ်မှာအလေ့ကျပေါက်နေသော မှိုနားတို၊ကညွတ်၊ ထိကရုံးစသည့် ဟင်းသီးဟင်းရွက်ပင်များကို လတ်လတ်ဆတ်ဆတ်ခူးကာ တို့မြုပ်၍စားရလျှင်ပင် မြန်မာလယ်သမားများ ထမင်းစားမြိန်သလို လိုအပ်သော အာဟာရဓာတ်များလည်း အပြည့်အစုံပါပြီး ဖြစ်ပါသည်။ မိုးဦးကျမှာ ထွက်လာတတ်သည့် စားဖားဆူဆူကြီးများကိုလည်း ညအခါ မီးအုပ်ဆောင်းဖြင့် ထွက်၍ ရိုက်ဦးမလား စားစရာတွေက ပေါလှသည်။ နိုင်ငံတကာမှ လှူသည့် ချောကလက်တောင့်များ မစားရလျှင်လည်း ဧရာဝတီသားတို့ ကိုယ့်အားကိုယ်ကိုး ရှင်သန်နိုင်ပါသည်။ မြန်မာပြည်မှာ ကာလကြာရှည် ကျပ်တည်းဆင်းရဲခဲ့သည့် စစ်အတွင်းကာလ ဂျပန်ခေတ်ကပင် ငတ်၍သေသူမရှိခဲ့ပါ။ အမိ ဧရာဝတီ၏ ကျေးဇူးဖြင့် မြေဆီသြဇာအကောင်းဆုံး မြစ်ဝကျွန်းပေါ်ဒေသ၌ကား ရေငန်တစ်ကြိမ်ဝင်ရုံမျှဖြင့် လုံးဝစိုက်မရအောင် အခြေအနေ မဆိုးလှပါ။

ယခုလို **နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း စေတနာရှင်များနှင့် ပြည်ပနိုင်ငံ အဖွဲ့အစည်းများ၏ အားတက်သရော ကူညီထောက်ပံ့ စောင့်ရှောက်မှုများ၊ ပြန်လည်ထူထောင် တည်ဆောက်ပေးမှုများရရှိနေသည့်အခြေအနေတွင် ပို၍ပင် စိုးရိမ်ဖွယ်မရှိလှပါ။ သည်တစ်မိုးတွင်းသာ ဧရာဝတီသားတို့ တောင့်ခံထားဖို့ လိုပါလိမ့်မည်။ တောင့်ခံနိုင်ရန်အတွက်လည်း နေဖို့၊ စားဖို့၊ စပါးမျိုးရဖို့၊ ထွန်စက်၊ ကျွဲ၊ နွားရဖို့ကအစ နိုင်ငံတော်နှင့် အခြားလုပ်ငန်းရှင်များ အဖွဲ့အစည်းများက ကူညီပေးလျက်ရှိပါသည်။**

တစ်မိုးကုန် တစ်ဆောင်းပေါက်ကာ နောက်တစ်နှစ် စပါးပေါ်ချိန်ရောက်လာခဲ့လျှင်တော့ ဧရာတစ်ဝန်းမှာ စပါးရွှေဝါတွေ လွှမ်းနိုင်ပြီမို့ လေဘေးခံဧရာဝတီသားတို့ ပြန်လည်လန်းဆန်းဖူလုံလာကြပေလိမ့်မည်။

အမိမြေ၊ အမိရေတို့၏ ကျေးဇူးဖြင့် တစ်နှစ်ကူးလျှင်တော့ ပုရစ်ဖူးတို့ ဝေကြဦးမည် အမှန်ပင်။ ။

...ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း စေတနာရှင်...အစည်းများ၏ အားတက်သရော ကူညီထောက်ပံ့...ည်ထူထောင် တည်ဆောက် ပေးမှုများရရှိနေသည့်...ရိမ်ဖွယ် မရှိလှပါ။ သည်တစ်မိုးတွင်းသာ ဧရာဝတီ...ပါလိမ့်မည်။ တောင့်ခံနိုင်ရန်အတွက်လည်း နေဖို့၊...စက်၊ ကျွဲ၊ နွားရဖို့ကအစ နိုင်ငံတော်နှင့် အခြား...ည်းများက ကူညီပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ Allure Group မှ ဒေါက်တာထွန်းမင်းလတ်-ဒေါက်တာဝင်းမင်းစိုးတို့က ဆေးခန်းဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ငွေလှူဒါန်း

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူရှင်များက ငွေလှူဒါန်းပွဲအခမ်းအနားကို ယနေ့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ညှိခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လှူဒါန်းငွေများအား လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

တက်ရောက်

အဆိုပါ လှူဒါန်းပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

ယနေ့လှူဒါန်းရာတွင် DENT. Myanmar Dental Centre က ငွေကျပ် ၁၀၀၀၀၀၀၊ Allure Group မှ ဒေါက်တာထွန်းမင်းလတ်-ဒေါက်တာဝင်းမင်းစိုးတို့က ဆေးခန်းဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀၀ စီကို လှူဒါန်းကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၈

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ရေသန့်ဘူးခွံများ၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ရေသန့်ဆေးပြားများ၊ ခြင်ထောင်များ၊ မီးဖိုများ၊ တာပေါ်လင်များ၊ ကျန်းမာရေးသုံး ပစ္စည်းများ စုစုပေါင်း ၁၃ဒသမ ၆၀၁ တန်သည် AN-12 လေယာဉ်ဖြင့် ယနေ့ နံနက် ၈နာရီ မိနစ်၄၀တွင်လည်းကောင်း၊ ယူအေအီး နိုင်ငံ ဒူဘိုင်းလ်အခြေစိုက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ စောင်များ၊ခြင်ထောင်များ၊ ပလတ်စတစ်စများ၊ မီးဖိုချောင်သုံးပစ္စည်းများ စုစုပေါင်း ၃၈ဒသမ ၉၂၅တန်သည် IL-76 လေယာဉ်ဖြင့် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Merlin အဖွဲ့မှ လှူဒါန်းသော ဆေးနှင့် ဆက်စပ်ပစ္စည်းများ ၁၆ဒသမ ၁၄ တန် သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၁၀မိနစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ဖူးခက်မြို့နေ ဦးအောင်မြိုင်၊ ဦးလင်းကြည်တို့က ထိုင်းနိုင်ငံ မြန်မာနိုင်ငံစစ်သံရုံးမှ တစ်ဆင့် လှူဒါန်းသောကြက်ဥများ၊ ဝက်ပေါင်ခေါက်ဆွဲခြောက်များ၊အဝတ်အထည်များ စုစုပေါင်း ၁၁ ဒသမ ၉တန်သည် C-130 လေယာဉ်ဖြင့် နံနက်၁၀နာရီ ၂၅မိနစ်တွင် လည်းကောင်း၊ အမေရိကန် ပြည်ထောင်စုမှ ခြင်ထောင်များ၊ ခေါက်ဆွဲခြောက်များ၊ ကြက်ဥများ စုစုပေါင်း ၃၆တန်ခန့်သည် C-130 လေယာဉ် လေးစင်းဖြင့် နံနက် ၁၁နာရီ ၃မိနစ်၊ ၁၁ နာရီ ၂၈မိနစ်၊ မွန်းတည့် ၁၂နာရီနှင့် မွန်းလွဲ ၁နာရီ ၁၈မိနစ်တို့တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Reletx Relief Supplies မှ ပလတ်စတစ်စများ ၃၈ ဒသမ၅၈တန်သည်A-300 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ ၅၆မိနစ်တွင် လည်းကောင်း၊ ဆော်ဒီအာရေဗျ နိုင်ငံမှ အစားအစာမျိုးစုံ၊ ဆေးဝါးမျိုးစုံ၊ နို့၊ ရွက်ဖျင်တဲများ စုစုပေါင်း ၁၄၉ဒသမ ၉၆တန်သည် MD-11 လေယာဉ် နှစ်စင်းဖြင့် မွန်းလွဲ ၂နာရီ ၂၁မိနစ် နှင့် ညနေ ၅နာရီ ၃၅မိနစ်တွင် လည်းကောင်း၊ အင်ဒိုနီးရှား သမ္မတနိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ ကျန်းမာရေးသုံးပစ္စည်းများ၊ ပလတ်စတစ် ပုံးခွံ စုစုပေါင်း ၃၆ဒသမ ၉၉တန် သည် DG-8 လေယာဉ်ဖြင့် ညနေ ၄နာရီ ၄၈မိနစ်တွင်လည်းကောင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေး အဖွဲ့များက စနစ်တကျ လက်ခံယူပြီး နှောင့်နှေး ကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်း ဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

သွားဖုံးရောဂါဖြစ်သူများ ကင်ဆာဖြစ်ပွားနိုင်

ဆေးလိပ်သောက်သူများနှင့် မသောက်သူများတွင်ပါ ဖြစ်ပွားတတ်သော သွားဖုံးရောဂါသည် ကင်ဆာရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်ခြင်းရှိကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက သတိပေးပြောကြားလိုက်သည်။

ရှေ့ပြေး

သွားဖုံးရောဂါဖြစ်ပွားသူများသည် အဆုတ်၊ ကျောက်ကပ်၊ ပန်ကရိယနှင့် သွေးကင်ဆာများဖြစ်ပွားမှု၏ ရှေ့ပြေးသင်္ကေတတစ်ခုလည်း ဖြစ်ကြောင်း လန်ဒန် ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သွားဖုံးရောဂါဖြစ်ပွားသူအမျိုးသား ၅၀၀၀၀ ခန့်ကို သုတေသနပြုလေ့လာခဲ့ရာတွင် အဆုတ်၊ ပန်ကရိယနှင့်သွေးကင်ဆာများ ဖြစ်ပွားသူဦးရေများသည်ကို တွေ့ရှိရသည်ဟု ၎င်းတို့ကဆိုသည်။ ဆေးလိပ်သောက်သူများတွင်ဖြစ်ပွားသော သွားဖုံးရောင်ရောဂါသည် ကင်ဆာရောဂါများ ဖြစ်ပွားမှုနှုန်း ပိုမိုများပြားသည်ဟု ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

အခွင့်အလမ်း

သွားဖုံးရောဂါဖြစ်ပွားမှုသမိုင်းကို လေ့လာကြည့်ရာတွင် သွားဖုံးရောင်ရောဂါဖြစ်သူ ၁၄ရာခိုင်နှုန်းသာ ကင်ဆာရောဂါဖြစ်ပွားလေ့ရှိသည်။သွားဖုံးရောင်ခြင်းနှင့် သွားဖုံး၌ အနာဖြစ်ခြင်းတို့သည် အထူးသဖြင့် ကျောက်ကပ်ကင်ဆာနှင့် အဆုတ်ကင်ဆာဖြစ်ပွားနိုင်မှု ၅၀ရာခိုင်နှုန်း အခွင့်အလမ်းရှိကြောင်း သိရသည်။



ဆေးခန်းဖွင့်လှစ် ကုသပေး

မြောင်းမြမြို့ ဂုန်လျှော် ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်သူများအား မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက ဆေးခန်းဖွင့်လှစ် ကုသပေးနေစဉ်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပစ္စည်းများလှူဒါန်း

မြောင်းမြမြို့ လေဘေးကယ်ဆယ်ရေးစခန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းသော ပစ္စည်းများကို ပေးအပ်စဉ်။

လာရောက်လှူဒါန်း

မြောင်းမြမြို့ အထက(၂)တွင် လေဘေးဒဏ် ခံရသောသူများအတွက် ရန်ကုန်မြို့မှ အလှူရှင်တစ်ဦး လာရောက်လှူဒါန်းသည်ကို တွေ့ရစဉ်။

ပြန်လည် ထူထောင်ရေး လုပ်ငန်းများရှင်းပြ

မော်လမြိုင်ကျွန်း မြို့နယ် ရှောက်ချောင်း ကျေးရွာအုပ်စုမှ ကိုကျော်စိုးက လေဘေးဒဏ်ခံရပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး ပြောပြစဉ်။

မော်လမြိုင်ကျွန်းမြို့နယ် ကျားချောင်းကျေးရွာ၌ လေဘေးသင့် မိသားစုများ ဂျပန်နိုင်ငံမှပေးပို့သော ရွက်ဖျင်တဲဖြင့် နေထိုင်လျက်ရှိသည်။

သတင်းမြင်ကွင်း
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မောင်မောင်သန့်
(မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ် တစ်ဖက်ကမ်းမှ ဆန်စက်များ စပါးကြိတ်ခွဲနေသည်ကို ဤသို့တွေ့ရသည်။

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေ

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ခံရသည့် နေရာဒေသများရှိသကဲ့သို့ မုန်တိုင်းဒဏ်မခံရသော မြို့ရွာအများအပြားရှိသည်။ သို့ရာတွင် လေဘေးသင့်ခံရသူများအား ကူညီစောင့်ရှောက်ပေးမှုကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေချိန် ဖြစ်သဖြင့် မြောင်းမြမြို့ကဲ့သို့ လေဘေးဒဏ်မခံရသော မြို့များကလည်း တတ်စွမ်းသည့်ဘက်မှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းဖြည့်ဆည်း လုပ်ကိုင်ပေးလျက်ရှိသည်။

မြောင်းမြမြို့တွင် လေဘေးသင့်ခံခဲ့ရသည့် လပွတ္တာမြို့နယ်နှင့် ပြင်စလူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများအတွက် စောင်၊ ခြင်ထောင်၊ အဝတ်အထည်များ၊ စားနပ်ရိက္ခာများ၊ အသုံးအဆောင် ပစ္စည်းများကို တာဝန်ရှိသူများက ဖြန့်ဖြူးပေးနေသလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် လယ်ယာသုံး ကိရိယာများ ကျွဲ၊ နွားနှင့် မျိုးစပါးများကအစ ဖြန့်ဝေပေးလျက်ရှိသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီစွာအကောင်အထည်ဖော်

သတင်းမြင်ကွင်း-မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့်(မြန်မာ့အလင်း) စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် မေ ၂၈

ဧရာဝတီတိုင်း မြောင်းမြမြို့သည် ကုန်းလမ်းနှင့် ရေလမ်းခရီး သွားလာနိုင်ခြင်းကြောင့် စီးပွားရေးအရ အချက်အချာကျသော မြို့တစ်မြို့ ဖြစ်သည်။ အနီးဝန်းကျင်ရှိ မြို့များ၊ ကျေးရွာများမှ ရေလမ်း၊ ကုန်းလမ်းဖြင့် လာရောက်နိုင်သည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ထွက်ဆန်နှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများလည်း ထွက်ရှိမှုကြောင့် စီးပွားရေးဖြစ်ထွန်းသည့် ဒေသတစ်ခု ဖြစ်သည်။

မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်က လေဘေးဒဏ်ခံရသောသူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ထုတ်ယူ စားသုံးနိုင်အောင် စာအုပ်ထုတ်ပေးမည့် အစီအစဉ် ရှင်းပြစဉ်။

မြောင်းမြမြို့သည် မေလဆန်းပိုင်းကတိုက်ခတ်ခဲ့သောမုန်တိုင်းဒဏ်မခံရသည့် မြို့တစ်မြို့ ဖြစ်သည်။ သို့သော်လည်း လေဘေးဒဏ်ခံရသည့် လပွတ္တာမြို့နယ်နှင့် ပြင်စလူမြို့နယ်မှ လေဘေးဒုက္ခသည်များအား ခရိုင်တာဝန်ရှိသူများ၊ မြို့နယ်တာဝန်ရှိသူများနှင့်မြို့မိမြို့ဖများက ညီရင်းအစ်ကို မောင်ရင်းနှမ၊ မိဘရင်းချာများသဖွယ် ချက်ပြုတ် ကျွေးမွေး ပြုစုစောင့်ရှောက်လျက်ရှိသည်။ မြောင်းမြမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများကနေ့မအားညမနား ကူညီစောင့်ရှောက်ပေးနေခြင်း ဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် လေဘေးကယ်ဆယ်ရေးနှင့် လေဘေးဒဏ်ခံရသောပြည်သူများ၏ဘဝဆက်လက်ရပ်တည်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

မြောင်းမြမြို့နယ် အထက(၂) လေဘေးကယ်ဆယ်ရေးစခန်းတွင် ပြင်ရွာတိုက်နယ်မှ ကျန်းမာရေးဆရာမများက ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

နေမှုများနှင့် စပ်လျဉ်း၍ လေ့လာတင်ပြသွားနိုင်ရန် မြောင်းမြမြို့သို့ ရောက်ရှိခဲ့သည်။

ရှေးဦးစွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးဟန်က ပြောကြားရာတွင် **“ကျွန်တော်တို့ မြို့နယ်မှ လေဘေးဒဏ် မခံရပေမယ့် လပွတ္တာမြို့နယ်နဲ့ ပြင်စလူမြို့နယ်က လေဘေးဒဏ် ခံရသူတွေကို ကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပြီး ကျွေးမွေးပြုစု စောင့်ရှောက်နေပါတယ်။ လေဘေးဖြစ်ပြီးမကြာမီမှာဒီမြို့နယ်တွေက လေဘေးသင့်သူတွေ အများအပြား ရောက်ရှိလာပါတယ်။ ဒါနဲ့ လေဘေး ကယ်ဆယ်ရေး ကော်မတီတွေလဲ အမြန်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ ကယ်ဆယ်ရေးစခန်း စုစုပေါင်း ၂၂ခုဖွင့်လှစ်ပြီး လေဘေးဒုက္ခသည် ပေါင်း ၁၃၆၂၃ ဦးကို လက်ခံ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။**

အဆိုပါ လေဘေးကယ်ဆယ်ရေးစခန်းများကို **ပုသိမ်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးညီညီဇံ (ဦးစီးအရာရှိ-ပထမတန်းစစ်ရေး)၊ ပုသိမ်မှ မြန်မာ့နှစ်ရှည်ပင် တိုင်းမန်နေဂျာ ဦးကြည်စိုး၊ ဧရာဝတီတိုင်း မီးသတ်ဦးစီးမှူး ဦးကြည်ဝင်းတို့ကလဲ လေဘေးကယ်ဆယ်ရေးကွပ်ကဲရုံးဖွင့်လှစ်၍ ရောက်ရှိလာသော ကယ်ဆယ်ရေးပစ္စည်းများ လေဘေးသင့်သူများထံ အမြန်ရောက်ရှိရေးအတွက် အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးနေကြောင်း သိရသည်။**

ယခုအခါမှာတော့ ကျွန်တော်တို့မြို့နယ်တွင် လေဘေးဒဏ်ခံရတဲ့သူတွေထဲမှာ ကိုယ့်မြို့ကိုယ့်ရွာ ပြန်ဖို့တောင်းဆိုနေတဲ့သူတွေထဲမှ အချို့ကို ပြန်လည်ပို့ဆောင်ပေးနေပါပြီ။ သူတို့ဟိုရောက်လျှင် စားနိုင်ရန် ဆန်၊ ဆီ အလုံအလောက်၊အဝတ်အစား၊စောင်၊ ခြင်ထောင်၊ မိုးဖို့ ရွက်ဖျင်စ အပြင် အစစအရာရာ လိုလေးသေးမရှိအောင် ပံ့ပိုးပေးခဲ့ပါတယ်” ဟု မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

“ဒါ့အပြင် လေဘေးသင့်သူများ သူ့ရပ်သူ့ရွာတွေမှာ ဆန်ကဲ့သို့ထောက်ပံ့ရေး ပစ္စည်းတွေကိုလဲ ဆက်လက်ထုတ်ယူ စားသုံးနိုင်အောင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ အစီအစဉ်နဲ့ စာအုပ်တွေ ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဟိုမှာ လယ်ယာလုပ်ငန်းခွင်တွေ ဝင်နိုင်ဖို့ ကျွဲ၊ နွားတွေကိုလဲ မော်လမြိုင်မြို့မှ မှာယူပြီး လပွတ္တာ ရှေ့တန်းစခန်းကို ပို့ပေးထားပါပြီ။ ဒါ့အပြင် မျိုးစပါးတင်း ၁၇၀၀၀၀ ကိုလဲ ဖြန့်ဝေပေးထားပြီဖြစ်ပါတယ်”ဟု ဥက္ကဋ္ဌ ဦးတင့်နိုင်က ဆက်လက် ပြောကြားသည်။

ထိုမှတစ်ဆင့် မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်မေးမြန်းစေ့ငုခဲ့ပါသေးသည်။ ရှေးဦးစွာ ဂုန်လျှော် လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိသည်။ ၎င်းစခန်းတွင် လေဘေးဒဏ် ခံရသူများအား မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်းမှ ဆေးခန်းဖွင့်၍ ကုသပေးနေသည်ကိုတွေ့ရသည်။ **“လေဘေးဒဏ်ခံရတဲ့သူများ အဖြစ်အများဆုံးကတော့ အဆုတ်အအေးမိရောဂါများ ဖြစ်ပါတယ်။ဒုတိယအဖြစ်အများဆုံးကတော့ အပူကြောင့်ဖြစ်တဲ့ ရောဂါတွေပါ။ လေဘေးကျရောက်ပြီး မကြာမီမှာ သူတို့ အုန်းရေတွေ၊ အုန်းသီးနုတွေ စားကြရာက ရတဲ့ဝေဒနာတွေ ဖြစ်ပါတယ်”** ဟု ကျန်းမာရေးမှူး ဦးမျိုးတင့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်းအမှတ်(၁၀)ဖြစ်သည့် အလက(၇)သို့ ရောက်ရှိခဲ့သည်။ လေဘေးသင့်သူများအား စနစ်တကျထမင်းများ ကျွေးမွေးလျက်ရှိသည်ကို တွေ့ရသည်။ ၎င်းကယ်ဆယ်ရေး စခန်းရှိ ပြင်စလူမြို့နယ် သပြုကုန်းကျေးရွာမှ ဦးသိန်းထွန်းက **“ကျွန်တော်တို့ လေဘေးဒုက္ခသည်တွေကို ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးမွေးပါတယ်။ ဝက်သား၊ကြက်သားများလဲ ချက်ပြုတ်ကျွေးမွေးပါတယ်”**ဟု ပြောကြားသည်။

အဆိုပါ လေဘေးကယ်ဆယ်ရေးစခန်းသို့ ပြင်စလူမြို့နယ် သပြုကုန်းကျေးရွာအုပ်စု သပြေချောင်းကျေးရွာမှ သေကံမရောက် သက်မပျောက်ခဲ့သည့် မအေးမြင့်သန်း၏ လေဘေးမှ သေဘေးလွတ်မြောက်ခဲ့ရပုံများကို ဤသို့ ဝမ်းနည်းစွာ ကြားရပြန်သည်။

“အဲဒီမုန်တိုင်းစဝင်တဲ့ မေ ၂ရက်ညကပေါ့။ ရေလုံးကြီးတွေ ၁၂ ပေလောက်အထိတက်လာတယ်။အိမ်တွေ မြုပ်ကုန်တယ်။ မထင်မှတ်ဘဲ ရေတွေက လည်ပင်းအထိ ရောက်လာတယ်။ ဒါနဲ့အိမ်အနီးမှာရှိတဲ့ ဘုရားရင်ပြင်ပေါ်ကို တက်ပြေးတယ်။ သမီးဒီဘုရားမှာ ပန်းအမြဲတမ်း ကပ်လှူတယ်။ မွေးနေ့တိုင်းမှာ သက်သတ်လွတ်စားတယ်။ ဒါနဲ့ သမီးလဲ ဒီကုသိုလ်တွေကြောင့် သမီးတို့မိသားစု ဘေးမှလွတ်မြောက်ပါစေလို့ ဆုတောင်းလိုက်တယ်။ ဒီရေလုံးတွေ တက်လာပြီးတဲ့နောက် အနောက်မြောက် လေမုန်တိုင်းကလဲ တစ်အားတိုက်တယ်။ ဘုရားအနီးမှာ သစ်ပင်ကြီးတွေ လဲကျတယ်။ ဒါပေမယ့် သမီးရဲ့အဓိဋ္ဌာန်ကြောင့်လား မသိဘူး ဘုရားပေါ်မကျဘူး။ ဒီဘုရားကို ပြေးလာတဲ့လူ ၁၃ ဦးလောက် အသက်ရှင်တယ်။ သမီးကတော့ သီလရှင်ဝတ်ပြီး နေတော့မယ်”ဟု ပြောကြားသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းမှ ညီအစ်ကို နှစ်ဦး၏ ဘဝကံကြမ္မာ ထူးဆန်းဖြစ်ပုံကိုလည်း ဤသို့ကြားသိရပြန်ပါသည်။

“သားက ပြင်စလူမြို့နယ် ကြာနီကန် ရွာကပါ။ အသက် ၁၂နှစ်ရှိပါပြီ။ ရေတွေတက်လာချိန်မှာ သားပျဉ်ချပ်ကြီးတစ်ချပ်ကိုတွေ့ပြီး ဖက်လိုက်လာခဲ့ပါတယ်။ ရေတွေကျသွားတော့ အမေ့ကို မတွေ့ရတော့ဘူး။ သား လိုက်ရှာတယ်။ ခုထိပဲ သားကို စစ်ကားကတွေ့ပြီး ဒီကိုခေါ်လာတာပါ။ ဒီရောက်တော့ ညီအစ်ကို ဝမ်းကွဲတော်တဲ့ အစ်ကိုဇော်လင်းနဲ့ ပြန်တွေ့ပါတယ်”ဟု မြန်မာ့အလင်းသို့ သေဘေးမှ လွတ်မြောက်ခဲ့ရပုံများကို ရှင်းပြသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်း အမှတ်(၆) အလက(၁)သို့ ခရီး

မြောင်းမြမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းတွင်ရောက်ရှိနေသော သပြေချောင်းကျေးရွာ သပြုကုန်းအုပ်စုပြင်စလူမှ မအေးမြင့်သန်းက မြန်မာ့အလင်းသို့ ပြောပြစဉ်။

ဆိုက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့မှ စောင်၊ ဆေးစိမ်ခြင်ထောင်၊ ရေသန့်ဘူး၊ ဆပ်ပြာခဲ၊ အမိုးအတွက် ရွက်ဖျင်တဲကအစ၊ လယ်သမားသုံးပေါက်ပြား၊ ဓား၊ လွှ၊ တူ စသော ပစ္စည်းများ ဖြန့်ဝေပေးနေသည်ကို တွေ့ရသည်။

ထိုမှတစ်ဆင့် နောက်ထပ် ကယ်ဆယ်ရေးတစ်ခုဖြစ်သည့် အမှတ်(၂) အထကသို့ ရောက်ရှိရာ ရန်ကုန်မြို့မှ အလှူရှင်တစ်ဦးဖြစ်သည့် ဦးစိုးဝင်း မိသားစုက သဒ္ဒါရက်ရောစွာ ကျားဝတ်၊ မဝတ်၊ ပုဆိုး၊ လုံချည်နှင့် အင်္ကျီများ တစ်ဦးချင်း လှူဒါန်းပေးနေသည်ကိုလည်း တွေ့ရသည်။

ထိုစခန်းရှိ ပြင်စလူမြို့နယ် အရာတော်ကျေးရွာမှ လေဘေးဒဏ်ခံရသော ကိုနေလင်းကလည်း ဤသို့ ကဗျာရေးစပ်၍ အလှူရှင်များ သဒ္ဓါပေါက်စေရန် နှိုးဆော်ရေးသားထားသည်ကိုလည်း တွေ့ရသည်။

ကယ်တော်မူပါဘုရား

ရသည့်ဥစ္စာ၊ ချစ်သူပါ စွန့်ခွာသွားရသည်

ခဏမစဲ အိုစမြဲ ကိုယ်လည်း သေရမည်

မသေရခင်၊ သွားလမ်းစဉ် ကြိုတင်ပြင်ဆင်သင့်ပြီ

ဒါန၊ သီလ၊ ဘာဝနာလမ်းသာ တွင်လိမ့်မည်

မဂ္ဂင်ယာဉ်ကြီး အမြန်စီး၊ ခရီး ထွက်ကြမည်

ဟု ရေးသားထားသည်။

ထိုစခန်းအတွင်း အသက် ငါးနှစ်အောက် ကလေးများကိုလည်း ပြင်ရွာတိုက်နယ်ကျန်းမာရေးဝန်ထမ်းများက ဝက်သက် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

ထိုမှ ဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် ကယ်ဆယ်ရေးစခန်းဖြစ်သည့်မြောင်းမြမြို့ သာသနာ့ဗိမာန်သို့ ရောက်ရှိခဲ့သည်။ လေဘေးသင့်သူများ စိတ်ပြေပျောက်စေရန် ဗီဒီယိုအခွေ ထိုးပြနေသည်။ ယင်းနှင့်ကပ်လျက် မိုးကုတ်ဝိပဿနာ စခန်း(၂၆)၌ လေဘေးသင့်သူများ စခန်းအားလုံးအတွက် နေ့ညမပြတ် ချက်ပြုတ်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

မြောင်းမြမြို့ ရေဆိပ်များတွင်လည်း ဌာနေပြန်ကြသည့် လေဘေးဒုက္ခသည်များကို ကျွေးမွေးစောင့်ရှောက် လိုက်လံပို့ဆောင်သူများအား လက်ခုပ်လက်ဝါး တီး၍ ပြုံးပျော်ကြည်နူးစွာဖြင့် နှုတ်ဆက်နေသည့် မြင်ကွင်းကိုလည်း တွေ့ခဲ့ရသည်။

ဤသို့ဖြင့် မုန်တိုင်းဒဏ်ခံရသော လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် မြောင်းမြမြို့မှ တာဝန်ရှိသူများ၊ ကွပ်ကဲရေး တာဝန်ခံအရာရှိများ၊ မြို့မိမြို့ဖနှင့် အလှူရှင်များ၏ စေတနာ သဒ္ဓါတရား ထက်သန်မှု မြင်ကွင်းအလှကို ရှုမြင်ခဲ့ရပါတော့သည်။ ။ **(မြန်မာ့အလင်း)**

လေဘေးသင့်သူများ သူ့ရပ်သူ့ရွာတွေမှာ ဆန်ကဲ့သို့ ထောက်ပံ့ရေးပစ္စည်းတွေကိုလဲ ဆက်လက်ထုတ်ယူ စားသုံးနိုင်အောင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ အစီအစဉ်နဲ့ စာအုပ်တွေထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ ဟိုမှာ လယ်ယာလုပ်ငန်းခွင်တွေဝင်နိုင်ဖို့ ကျွဲ၊ နွားတွေကိုလဲ မော်လမြိုင်မြို့မှ မှာယူပြီး လပွတ္တာရှေ့တန်းစခန်းကို ပို့ပေးထားပါပြီ။ ဒါ့အပြင် မျိုးစပါးတင်း ၁၇၀၀၀၀ ကိုလဲ ဖြန့်ဝေပေးထားပြီဖြစ်ပါတယ်။

ဟီလာရီနှင့်ယှဉ်ပြိုင်သူ အိုဘားမား အက်ဒွပ်ကနေဒီအား ချီးကျူးထောမနာပြုနေ

ဝါရှင်တန် မေ ၂၈

အထက်လွှတ်တော်အမတ် အက်ဒွပ်ကနေဒီသည် ဆင်းရဲသားများနှင့် ရုန်းကန်လှုပ်ရှားသူများဘက်က မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးသူဖြစ်ကြောင်း အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းဖြစ်ရန် ဟီလာရီနှင့်အကြိတ်အနယ်ယှဉ်ပြိုင်နေသူ အထက်လွှတ်တော်အမတ် အိုဘားမား(ယာပုံ)က ချီးကျူးပြောကြားလိုက်သည်။

ဝက်စလီယန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ နာမကျန်းဖြစ်နေသူ အက်ဒွပ်ကနေဒီကိုယ်စား မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ရှာဖွေတွေ့ရှိ

အသက်၇၆နှစ်ရှိ အက်ဒွပ်ကနေဒီက အိုဘားမားအား ပါတီညီလာခံအထူးကိုယ်စားလှယ်အဖြစ်ဖြင့် ထောက်ခံထားသည်။ အက်ဒွပ်ကနေဒီမှာ အန္တရာယ်ရှိသော ဦးနှောက်အကျိတ်တစ်ခုရှိကြောင်း ပြီးခဲ့သည့်ရက်သတ္တပတ်က ရောဂါရှာဖွေတွေ့ရှိထားသူလည်းဖြစ်သည်။

အိုဘားမားက ဘွဲ့နှင်းသဘင်၌ ဆက်လက်ပြောကြားရာတွင် အက်ဒွပ်ကနေဒီနှင့်တကွ သူ၏လုပ်ကြံခံခဲ့ရသည့် ညီအစ်ကိုနှစ်ဦးဖြစ်ကြသော အမေရိကန်သမ္မတဟောင်း ဂျွန်ကနေဒီ၊ အထက်လွှတ်တော်အမတ် ရောဘတ်ကနေဒီတို့၏ ပြည်သူ့အကျိုးပြုလုပ်ငန်းစံနမူနာများကို လူငယ်များအတုယူကြရန် တိုက်တွန်းလိုက်သည်။

အမေရိကန် ပြည်သူတိုင်းလိုလို၏ဘဝကို ထိတွေ့နားလည်သည့် အက်ဒွပ်ကနေဒီလိုပုဂ္ဂိုလ်များ မိမိတို့နိုင်ငံ၌ရှိနေခြင်းမှာ ကံကောင်းကြခဲ့ဖြစ်ကြောင်း၊ သူ့ကျေးဇူးကြောင့် သန်းပေါင်းများစွာသော ကလေးသူငယ်များ ဖျားနာသည့်အခါ ဆရာဝန်နှင့်ကုသနိုင်ကြောင်း အမေရိကန်အလုပ်သမားများ လစာပိုရပြီး အချိန်ပိုလုပ်ခရကြမှုနှင့်တကွ အလုပ်အကိုင်ပြောင်းသည့်အခါ ကျန်းမာရေးအာမခံချက်ရရှိနေကြောင်း အိုဘားမားက အကျယ်တဝင့် ပြောကြားသည်။

(အင်တာနက်)

အီရန်၌ ကားတိုက်မှုဖြစ်ပွား၊ ၂၁ဦးသေဆုံး

တီဟီရန် မေ ၂၈

အီရန်နိုင်ငံ အနောက်ပိုင်း ဟာမာဒန်ပြည်နယ်တွင် ဘတ်စ်ကားနှင့် ထရပ်ကားတို့တိုက်မိပြီး ၂၁ဦးသေဆုံးကာ ၁၁ဦးဒဏ်ရာရရှိကြောင်း သက်ဆိုင်ရာကမေ၂၄ရက်တွင် ကြေညာသည်။ ယင်းကားတိုက်မှုမှာ ဟာမာဒန်ပြည်နယ် ဟာမာဒန်မြို့နှင့် မလေးယားမြို့အကြား မေ ၂၃ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘောဒီးယား ပြည်ပဆန်တင်ပို့မှု ပြန်လည်စတင်

ဖနောင်ပင် မေ ၂၈

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မေ ၂၇ရက်မှစတင်ကာ ဆန်များကို ပြည်ပသို့ ပြန်လည်စတင် တင်ပို့နိုင်ကြောင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆင်က ပြောကြားလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင်ပြီးခဲ့သည့် နှစ်လကျော်ကာလမှစတင်ကာ ပြည်ပသို့ဆန်များတင်ပို့ခြင်းကိုပိတ်ပင်တားမြစ်ခဲ့သည်။ ယခုအခါဆန်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြစ်သည်ဟု မစ္စတာဟွန်ဆင်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်၌စပါးတင်းသန်းပေါင်း ၁၃သမဖသန်းတန်ကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။ **(အင်တာနက်)**

မုန်တိုင်းပြင်းအားသိရှိရန် လေယာဉ်များအသုံးပြုမည်

နာဆာ မေ ၂၈

အင်အားပြင်းသော မုန်တိုင်းများတွင် ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းမျက်စိအတွင်းသို့ ပျံသန်းဝင်ရောက်ကာ လေမုန်တိုင်းတိုက်ခတ်မှုပြင်းအားကို ကြိုတင်သိရှိနိုင်အောင် ထောက်လှမ်းမည့် လေယာဉ်ငယ်များအား**(အပေါ်ပုံ)** ထုတ်လုပ်မည်ဖြစ်ကြောင်း အမေရိကန်သမုဒ္ဒရာနှင့် လေထုဖိအားများဆိုင်ရာအဖွဲ့ (အင်န်အိုအေအေ)က မေ၂၈ရက်၌ ပြောကြားသည်။

ပျားတစ်ကောင်၏အရွယ်ပမာဏထက်ကြီးကာ လူလိုက်ပါခြင်းမရှိသည့် အဆိုပါ လေယာဉ်ငယ်သည် မုန်တိုင်းဗဟိုသို့ ပျံသန်းပြီး မုန်တိုင်း၏ပမာဏ၊ လေတိုက်ခတ်ရာ လမ်းကြောင်းတို့ကို မှတ်တမ်းတင်ညွှန်ပြနိုင်သော ကိရိယာများ ထည့်သွင်းပေးသဖြင့် ယင်းအချက်အလက်များကို မြေပြင်စခန်းမှ ချက်ချင်းသိရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် မုန်တိုင်းတိုက်ခတ်မှု အနေအထားကိုလည်း ကြိုတင်ချင့်တွက်တတ်ကြောင်း၊ လေထုဖိအား အနည်းအများ ဖြစ်ပေါ်နိုင်သည့် အနေအထားကို ချက်ချင်းတွက်ချက်နိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

နည်းပညာသိပ္ပံ

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ဆိုင်ကယ်ဖြင့် အဝေးဆုံး ခုန်ပြီး စီးနင်းပြနိုင်သူ

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် မာဆန်မြို့တွင် မေ၂၆ရက်က ပေ၂၀၀ကျော် ရှည်လျားသော ကုန်တင်ယာဉ်၂၄စီး ပေါ်မှနေ၍ ရိုဘီအမည်ရှိ အမျိုးသားတစ်ဦးက ပရိသတ်၄၀၀၀၀ ရှေ့တွင် ဆိုင်ကယ်ဖြင့် လေထဲမှ ဖြတ်ကျော်စီးနင်းပြခဲ့ကြောင်း **(ယာပုံ)**သိရသည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ဒယ်အိုး

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် မေ၂၆ရက်က အချင်း၁၃ပေရှိသော ဒယ်အိုးကြီးဖြင့် ဟင်းသီးဟင်းရွက်များထည့်၍ ချက်ပြုတ်ထားရာ ကမ္ဘာပေါ်တွင် အကြီးဆုံးဒယ်အိုးကြီးအဖြစ် (ဝဲပုံ) ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း **နိုင်ငံတကာ မှုခင်းဖြစ်ရပ်**

အမှောင်လမ်းကို ဇွတ်တိုးလျှောက်လှမ်းခဲ့ကြရာဝယ်

ဘာဟက်စီရင်စု မြို့ကလေးသည် စကော့တလန်နိုင်ငံ အနောက်တောင်ပိုင်း ရင်ဖရူရှိုင်းယားနယ် အရှေ့ပိုင်းတွင် တည်ရှိသည့် အတော်အတန်စည်ကား၍ အေးချမ်းသာယာတိတ်ဆိတ်ငြိမ်သက်လှသော မြို့ကလေးဖြစ်သည်။ တစ်နေ့တွင်ထိုမြို့ကလေး၏ အေးချမ်းမှုကို ထိုမြို့တွင်နေထိုင်သောလူငယ်နှစ်ဦးက ဖျက်ဆီးလိုက်သဖြင့် တစ်မြို့လုံးအုတ်အော်သောင်းတင်း ဖြစ်သွားခဲ့ရတော့သည်။

ထိုနေ့သည်ကား ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၈ရက်ဖြစ်သည်။ ထိုနေ့နံနက်တွင် ဒေသခံ လူတစ်ဦးသည် ကာလီဘာလမ်းအတိုင်းလမ်းလျှောက်လာစဉ် အသက် ၄၅နှစ် အရွယ်ရှိ ဒေါက်ဂလပ်စ်လမ်ဘီ၏ အလောင်းကို ဝေါလ်တန်လမ်းဘေးရှိ မြက်ခင်းပြင်ပေါ်၌ တွေ့ရှိခဲ့ရာမှ မှုခင်းဖြစ်ပွားမှု နည်းပါးသော ယင်းမြို့လေး တစ်မြို့လုံး တုန်လှုပ် ချောက်ချားခဲ့ကြရသည်။

ထိုသို့ တွေ့ရှိမှုမှတစ်ဆင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကြိုးပမ်းဖော်ထုတ်မှုကြောင့် ယင်းမြို့နေ တရားခံနှစ်ဦးကို နေ့တွင်းချင်းပင် ဖမ်းမိခဲ့တော့သည်။ ယင်းတရားခံနှစ်ဦးစလုံးမှာ အသက် ၂၁နှစ်အရွယ်ရှိကြသည့် သောမတ်စ်ပိကုတ်နှင့်ဘရိုင်ယန်ဆင်မ်တို့ဖြစ်ကြသည်။ ၎င်းတို့၏ဖွင့်ဟဝန်ခံချက်အရ လူသတ်မှုကျူးလွန်ခြင်း၏ အဓိက အကြောင်းအရင်းကိုလည်း ရှင်းလင်းစွာ သိကြရတော့သည်။

သောမတ်စ်နှင့် ဘရိုင်ယန်တို့သည် အလယ်အလတ် လူတန်းစား မိဘများမှမွေးဖွားလာသော သားသမီးများဖြစ်ကြသည်။ မိဘများက ခေတ်ပညာတတ်ဖြစ်စေချင်သဖြင့် ပညာရေးဘက်တွင် ကြပ်ကြပ်မတ်မတ် သင်ကြားစေခဲ့သော်လည်း စိတ်မဝင်စားဘဲ ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ကာ ထင်ရာစိုင်းနေခဲ့ကြတော့သည်။ မိဘများ၏ ဆိုဆုံးမမှုကိုလည်း အပြည့်အဝနာခံမှုမရှိပေ။ မိဘများမှာ တစ်နေ့တွင် ၎င်းတို့ ဒုက္ခရောက်မည်ကို စိုးရိမ်နေခဲ့ကြသည်။ မိဘများ စိုးရိမ်သည့် နေ့တစ်နေ့သည်လည်း သူတို့နှစ်ဦးထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာတော့သည်။

ထိုနေ့သည်ကား ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် ဖြစ်ပြီး ထိုနေ့ညတွင် သောမတ်စ်နှင့်ဘရိုင်ယန်တို့ နှစ်ဦးစလုံး မိုးချုပ်စကတည်းက ဆိုင်တစ်ဆိုင်တွင် အရက်ကို လွန်ကျွံစွာ သောက်သုံးနေခဲ့သည်။ ည ၁၁နာရီကျော်သောအခါတွင်မူ ဆိုင်ရှင်က ဆိုင်ပိတ်ရန် ၎င်းတို့အား နှင်လိုက်သဖြင့် နှစ်ဦးစလုံး မကျေမနပ်နှင့် စိတ်ဆိုးဒေါသထွက်ကာစားသောက်ရာ မြို့လယ်ဆိုင်မှ မြို့စွန်ရှိ ၎င်းတို့၏ အိမ်များဆီသို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။ ၎င်းတို့၏လက်ထဲတွင် တစ်ဦးက ပီဇာမုန့် အနည်းငယ်ကျန်သော

သောမတ်စ်ပိကုတ်

ပီဇာစက္ကူဖာကြီးတစ်ခုကို လက်ထဲတွင်ကိုင်ကာ တစ်ဦးက အရက်လက်ကျန် အနည်းငယ်သာရှိတော့သော ပုလင်းတစ်လုံးကို ကိုင်လာခဲ့သည်။ ထိုစဉ် သူတို့ရှေ့မှ မျက်နှာချင်းဆိုင်လျှောက်လာသော လူလတ်ပိုင်း ခရီးသွားတစ်ဦးကို ဒေါသထွက်လာသော သူတို့နှစ်ဦးက မချေမငံ မေးမြန်းရန်စခဲ့သည်။ မေးမြန်းခံရသူက ချောင်စွာ ပြောသော်လည်း ရန်လိုနေသော ၎င်းတို့နှစ်ဦးက ထိုလူ၏နောက်မှပြေးလိုက်ကာ တစ်ဦးက ၎င်း၏ဦးခေါင်းကို ပီဇာဖာဖြင့် အလျင်အမြန်စွပ်ကာ ကျန်တစ်ဦးက ဆောင့်ကန်လိုက်ရာ ရုတ်တရက်အငိုက်မိသွားသူ ခရီးသွားမှာ ကာကွယ်ချိန်မရလိုက်ဘဲ လဲကျသွားခဲ့သည်။ ထိုစဉ်တွင် တစ်ဦးက

ဘရိုင်ယန်ဆင်မ်

လိုမ့်ကန်ကာ တစ်ဦးက ဦးခေါင်းကို ပုလင်းဖြင့် အဆက်မပြတ်ရိုက်နှက်ခဲ့သဖြင့်ခရီးသွားမှာ လဲကျ ငြိမ်သက်သွားတော့သည်။

ပြစ်ဒဏ်ချမှတ်

နောက်တစ်နေ့ဖြစ်သည့်ဒီဇင်ဘာ ၁၈ရက်တွင်မူ သဲလွန်စများမှတစ်ဆင့် တာဝန်ရှိသူများ၏ ကြိုးပမ်းဖော်ထုတ်မှုကြောင့် သော့မတ်စ်ပိကုတ်နှင့် ဘရိုင်ယန်ဆင်မ်တို့အား တရားခံများအဖြစ် ဖော်ထုတ်နိုင်ခဲ့သည်။ အမှုဖြစ်ပွားပြီး ၁၁လအကြာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ၁၇ရက်တွင် တရားရုံးက သောမတ်စ်ပိကုတ်အား ထောင်ဒဏ် ၁၇နှစ်နှင့် ဘရိုင်ယန်ဆင်မ်အား ထောင်ဒဏ် ၁၅ နှစ်ခွဲ အသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ပျောက်ကွယ်

ယခုဖြစ်ရပ်တွင် မိဘများက ကောင်းသောလမ်းကို ညွှန်ပြဆုံးမခဲ့သော်လည်းမလိုက်နာဘဲ ထင်ရာစိုင်းခဲ့သော သောမတ်စ်နှင့်ဘရိုင်ယန်တို့ အရက်လွန်ကျွံစွာ သောက်ခဲ့မှုကြောင့် အသိတရား ပျောက်ကွယ်ကာအကြောင်းမဲ့ရန်စ တိုက်ခိုက်ရာမှ အပြစ်မဲ့သူ ဒေါက်ကလပ်စ်လမ်ဘီ သေဆုံးခဲ့ရသည်။

သင်ခန်းစာယူ

အမှောင်လမ်းကို မှောင်မှန်းသိလျက် ဇွတ်တိုးလျှောက်လှမ်းခဲ့သဖြင့် ဥပဒေ၏ ထိထိရောက်ရောက် ဆုံးမမှုကို ခံယူခဲ့ရသော သောမတ်စ်ပိကုတ်နှင့် ဘရိုင်ယန်ဆင်မ်တို့၏ အဖြစ်ကို လူငယ်တိုင်းသတိထားဆင်ခြင်သင်ခန်းစာယူဖွယ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ပါကစ္စတန်-မြန်မာချစ်ကြည်ရေးအသင်း ထောက်ပံ့ပစ္စည်းများ ပေးပို့လှူဒါန်း

ရန်ကုန် မေ ၂၈

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံရှိ ပါကစ္စတန်-မြန်မာ ချစ်ကြည်ရေး အသင်းက ပေးပို့လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၁နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ ယာယီသံအမတ်ကြီး H.E. Mr. Habib UR Rehman က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းထံ ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဘေး သင့်ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံမှ TG-303 လေယာဉ်ဖြင့် ပေးပို့လှူဒါန်းသည့် ပစ္စည်းများမှာ ဆန်၊ ဆီ၊ သကြား၊ ဖယောင်းတိုင်၊ ဘီစကွတ်၊လက်ဖက်ခြောက်၊ သောက်ရေသန့်၊ ဆေးဝါး၊ အဝတ်အထည်၊ သိုးမွေးလိပ်နှင့် ဖိနပ်များ စုစုပေါင်း တန်ချိန် ၃ဒသမ ၂၅တန် ပါရှိကြောင်း သိရသည်။

(သတင်းစဉ်)

အိမ်မိုးသွပ်ပြားများရောင်းရန်ရှိပါသည်

အမှန်အကယ်အသုံးပြုရန်လိုအပ်လျက်ရှိသောသူများအတွက် ၆ ပေ၊ ၇ ပေ၊ ၈ ပေ၊ ၉ ပေ၊ ၁၀ ပေ Size အမိုးသွပ်ပြားများကို ရောင်းချပေးနေပါသည်။

တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများအား ရောင်းပေးမည်မဟုတ်ပါ။

ဆက်သွယ်ရန်လိပ်စာ-ဟိန်းကမ္ဘာကုမ္ပဏီလီမိတက်

၁။ အခန်း(၁၆)၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံ
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၈၃၅၉၁။

၂။ ၈/၆၄၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၈၆၄၀၀၊ ၀၉-၅၀၀-၇၄၀၂။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ၈၉လမ်း၊ အမှတ်၃၂နေ
အလ်ဟာဂျီဦးဇော်နိုင်(Director)-ဟာဂျီမဒေါ်ခင်မာဆွေ(LL.B,MBL, DBL,DML,DIL)
(Managing Direitor) နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော် တို့၏
တစ်ဦးတည်းသောသား

Haji Mohammad Akbar Azam @ မောင်သန်းဇော်ထွန်း

LL.B(UDE),B.C.I.S, I.A.D.C.S, I.D.C.S(UK),MCP(Microsoft)
D.M.A(LCCI Level III), ACCA(Part2)(UK), (Director) Optical Palace Co.,Ltd.

နှင့်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ ၃၉လမ်း၊ အမှတ် ၁၆၀ နေ
(ဦးတင်မောင်ဦး)-ဒေါ်ငွေငွေမြတို့၏သမီးထွေး

Sophia Bi @ မနန်းဟေမာန်ဦး (Third Year, Law)

တို့၏ ၂၃-၅-၂၀၀၈ရက်တွင် Central Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာလက်ထပ်ပွဲနှင့် ၂၅-၅-၂၀၀၈ရက်တွင် Strand Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဝင် ဦးအောင်မြင့်နှင့်ဇနီးဒေါ်အေးမိစံ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးနှင့်ဇနီး ဒေါ်မြင့်မြင့်အေးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်၏ဇနီး၊ရန်ကုန်တိုင်း ဥပဒေရုံး ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်ခင်မာကြည်နှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာလက်ဆောင်များ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲ မဝင်းမာလာမိုး၊ မင်္ဂလာပန်းနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်သူ ခိုင်သန္တာစိုးထွန်းနှင့် သီတာနွယ်၊ သတို့သားအရံ Rockey နှင့် Prince ၊ သတို့သမီးအရံ မသင်းသရဖီမောင်နှင့် မသင်းသီရိမောင်၊ မင်္ဂလာဝတ်စုံ Memory နှင့် Designer လတ်လတ်၊ မိတ်ကပ် အောင်အောင်(တောင်ကြီး)၊ ပန်းအလှပြင် လင်းလင်း၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူး၊ နေသူရိန် (Excellence Choice)၊ မွန်းရှိုင်းနှင့် ဦးသန်းလွင် (MRTV-4) ၊ The Aces တေးဂီတအဖွဲ့၊ Central Hotel နှင့် Strand Hotel မှ ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးသော မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းဇော်ထွန်း-မနန်းဟေမာန်ဦး။

အမည်ပြောင်း အဖ ဦးလှမွန်၏သား အလက(၁) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် Grade(9)(B) မှ မောင်ကောင်းထက်စံအား မောင်ရှိုင်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ရှိုင်းထက်ဇော်။

သင့်သွေးဖြင့် အသက်ကယ်ပါ

လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများကလှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်နေမှု တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်နှင့် ကြည့်ရှုအားပေး

လားရှိုး မေ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်နှင့် တာဝန်ရှိသူများသည် မေ ၁၅ရက် နံနက်ပိုင်းက လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်းသို့ရောက်ရှိလာပြီး လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများကလှူဒါန်းသောအိမ်မိုးသွပ်များ၊ ခေါက်ဆွဲခြောက်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းများက တက်ညီလက်ညီ တင်ဆောင်ပေးနေမှုကို ကြည့်ရှုစစ်ဆေး အားပေးကြောင်းသိရသည်။ **(အောက်ပုံ)** (ဝ၂၆)

ရန်ကုန်တိုင်းမရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ဦးသိန်းတင်အား ရည်စူး၍ အမှတ်၈၂ ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ်နေဒေါ်ကျင်မိနှင့်သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦး၊ ဦးစောကြိုင်နှင့် ဦးသိန်းဦးတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းမိသားစု ရဟန်းခံအလှူမင်္ဂလာ

ကျိုက်ထို မေ ၂၀

မွန်ပြည်နယ်ကျိုက်ထိုမြို့ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဦးထိပ်ထား၍ ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းမိသားစု၏ ဒုတိယအကြိမ်မြောက် ရဟန်းခံအလှူတော်မင်္ဂလာနှင့် ရေစက်ချတရားတော်နာယူခြင်း အခမ်းအနားကို မေ ၁၆ရက် နံနက်၈နာရီက အဆိုပါ အသင်းရုံးရှေ့ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

အစီအစဉ်အရ အသင်းဥက္ကဋ္ဌ ဦးဝိတင်က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လျှောက်ထားကာ ပင့်သံဃာတော်များအား ကျိုက်ထီးရိုးဂေါပကအဖွဲ့အတွင်းရေးမှူး ဦးစံမြင့်၊ အသင်းဥက္ကဋ္ဌဦးဝိတင်၊ အတွင်းရေးမှူး ဦးမျိုးမြင့်နှင့်ကော်မတီဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ငါးပါးသီလခံယူကာ လေသာကျောင်း ဆရာတော်ထံမှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်ချ တရားတော်နာယူကြသည်။

ယခုနှစ် ဒုတိယအကြိမ်မြောက် ရဟန်းခံ အလှူတော်မင်္ဂလာတွင် ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်းမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် အသင်းဝန်ထမ်းများပါဝင်သော ဒုလ္လဘရဟန်း ၃၁ပါးရှိကြောင်း သိရသည်။ (က-ပ)

မဟာအောင်မြေမြို့နယ် ၆၂လမ်း၊ ၃၅လမ်းမှ သိပ္ပံလမ်းဆုံအထိ ကတ္တရာလမ်း တိုးချဲ့ဖောက်လုပ် ၈၄လမ်းအား ၃၅လမ်းမှ ကန်တော်ကြီး-စစ်ကိုင်းလမ်းဆုံအထိ အခြေခံကျောက်လွှာနှင့် ကတ္တရာခင်း

မန္တလေး မေ ၂၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပု၊ ကော်မတီဝင်ဦးကျော်ဝင်းနှင့် ဌာနမှူးများ လိုက်ပါလျက် မေ ၁၃ရက် နံနက် ၉နာရီခွဲက မဟာအောင်မြေမြို့နယ် ၆၂လမ်း၊ ၃၅လမ်းမှ သိပ္ပံလမ်းအထိ ကတ္တရာလမ်း တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း၊ ၈၄လမ်းအား ၃၅လမ်းမှ ကန်တော်ကြီး-စစ်ကိုင်းလမ်းဆုံအထိ အခြေခံကျောက်လွှာနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ် ၆၂လမ်းအား ၃၅လမ်းမှ သိပ္ပံလမ်းအထိ ကတ္တရာလမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ လမ်း၊ တံတားဌာန ဌာနမှူးဦးအောင်စိုးက မူလလမ်းသားအကျယ် ပေ ၃၀မှ ၄၈ပေအကျယ်အထိ စက်ယန္တရားအင်အားဖြင့် လမ်းတိုးချဲ့ဖောက်လုပ်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စနစ်တကျကြီးကြပ်

ထို့နောက် မြို့တော်ဝန်က ၆၂လမ်းသည် မန္တလေးမြို့ အရှေ့ခြမ်းအတွက်ယာဉ်အသွားအလာများပြားပြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေမှစ၍ ပြည်ကြီးတံခွန်မြို့နယ် စက်မှုမြို့သစ်အထိ တောင်မြောက် တစ်ဆက်တည်း ရှည်လျားသဖြင့် မြို့တော်၏ သွားလာဆက်သွယ်မှု အဓိကကျသော လမ်းမကြီး ဖြစ်ကြောင်း၊ ၆၂လမ်းအား သိပ္ပံလမ်းမကြီးမှ ပြည်ကြီးတံခွန်မြို့နယ် စက်မှုပန်းခြံလမ်းဆုံအထိ အဆင့်မီကတ္တရာလမ်းမကြီးအဖြစ် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ သိပ္ပံလမ်းဆုံမှ ၃၅လမ်းအထိ ပေ၃၀အကျယ်မှ နောက်ထပ်လမ်းသားတိုးချဲ့ပြီး ၄၈ပေအကျယ် ကတ္တရာလမ်းမကြီးအဖြစ် ဖောက်လုပ်ခြင်းဖြစ်၍ လမ်းအရည်အသွေးကောင်းမွန်ရေး၊ စံချိန်စံညွှန်းမီရေး၊ လေလွင့်မှုနည်းပါးရေးတို့အတွက် လမ်း၊ တံတားဌာန ဌာနမှူးနှင့်တာဝန်ခံအင်ဂျင်နီယာများက စနစ်တကျကြီးကြပ်ဆောင်ရွက်ရေးတို့အတွက် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍မြို့တော်ဝန်နှင့်အဖွဲ့သည် ၈၄လမ်းအား ၃၅လမ်းမှ ကန်တော်ကြီး - စစ်ကိုင်းလမ်းဆုံအထိ အခြေခံ ကျောက်လွှာခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ လမ်း၊ တံတားဌာန ဌာနမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

မှာကြား

ထို့နောက် မြို့တော်ဝန်က ဤလမ်းသည် မန္တလေးမြို့တော်အတွင်းသို့ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှ အဝင်လမ်းဖြစ်သဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်အဝင်အထွက်များသော လမ်းဖြစ်ကြောင်း၊ လမ်းအရည်အသွေး ကောင်းမွန်ရေး၊ ရေရှည်ခိုင်ခံ့ရေး၊ စံချိန်စံညွှန်းမီရေးတို့အတွက် လမ်း၊ တံတားဌာန ဌာနမှူးနှင့် ဌာနခွဲမှူး(အင်ဂျင်နီယာ)များ၊ တာဝန်ခံအင်ဂျင်နီယာများက မိမိတို့လုပ်ကွက်များအလိုက် စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (၃၁၃)

နမ့်ထွီ သစ်ရိုက်ကျောက်ဖြည့်ဆည်နှင့် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်း လင်းခေးခရိုင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

လင်းခေး မေ ၂၀

လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစန်းမြင့်အောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၂ရက်နံနက်၁၀နာရီခွဲက ဝမ်တိန်းကျေးရွာအုပ်စု ဟန်လှိုင်ကျေးရွာအနီးရှိနမ့်ထွီချောင်းပေါ်တွင် တည်ဆောက်ထားသော နမ့်ထွီသစ်ရိုက်ကျောက်ဖြည့်ဆည်နှင့် ၄င်းဆည်ရေနှင့် စိုက်ပျိုးထားသော နွေစပါး ၁၀၈ဧက အောင်မြင်ဖြစ်ထွန်းနေသည်များကို ကြည့်ရှုစစ်ဆေးသည်။**(ဝဲပုံ)**

ထို့နောက်ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဝမ်ဟတ်ကျေးရွာအုပ်စု တောင်သူ ၃၅ ဦး၏ နွေစပါးစိုက် ၈၅ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုကိုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

လင်းခေးမြို့နယ်အနေဖြင့် ယခင်နှစ်နွေစပါးစိုက်ပျိုးဧက ၈၃၀ကို စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၈၄၈ဧကအထိတိုးချဲ့ စိုက်ပျိုးထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟိုပုံးမြို့ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး စာအုပ်များလှူဒါန်း

ဟိုပုံး မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်သည် မေ၂ရက် နံနက်၁၀နာရီက တောင်ကြီးခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်၊ ဟိုပုံးမြို့နယ်ဦးစီးမှူး ဒေါ်ခင်မာဝေတို့ လိုက်ပါလျက် ဖွင့်လှစ်ပြီးကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဟိုပုံးမြို့နယ်လုံခုတ်ကျေးရွာအုပ်စုအတွင်းရှိ နမ့်ပေါ်ဟွန်းကျေးရွာ လင်းသီတာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ကွင်းဆင်းစစ်ဆေးပြီး ယင်းစာကြည့်တိုက်အဆောက်အအုံရှေ့တွင် စာကြည့်တိုက် ကော်မတီဝင်များသို့ သုတ၊ ရသစာအုပ် စာစောင်မျိုးစုံ ၂၉၆ အုပ်ကို လှူဒါန်းပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သားငါးဆိုင်များ ကြည့်ရှုစစ်ဆေး

ဖားကန့် မေ ၂၀

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးကြီးအတွင်း ရောင်းချလျက်ရှိသော သားငါးများ ကျန်းမာရေးနှင့်ညီညွတ်စွာ ရောင်းချစေရေးအတွက် မေ ၁၄ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ သားငါးဈေးဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။ **(မြို့နယ်စည်ပင်)**

မြောက်ဥက္ကလာပမြို့နယ် ရတနာကျွန်းရိပ်သာနေ ဗိုလ်မှူးကြီးသိုက်ထွန်း [ဒုတိယဝန်ကြီး (အငြိမ်းစား)] -သီရိသုဓမ္မသီဂီ ဒေါ်နွဲ့နွဲ့ကြည် မိသားစုက ဆုတောင်းပြည့် မယ်လမုစေတီတော်နှင့် သာသနိက အဆောက်အအုံများ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများပြုပြင် နိုင်ရန် အလှူငွေ ကျပ်၁၅သိန်းကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မလွန်ဆန်လှူ ဓမ္မကထိက ဆရာတော်များ လေဘေးသင့်ပြည်သူများအား လှူဒါန်းမည်

မန္တလေး မေ ၂၆

မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းဒေသများမှ ပြည်သူအများကို မလွန်ဆန်လှူ သင်းထောက်များ ကူညီ ပံ့ပိုးနိုင်ရေးအတွက် မေ၂၃ရက် ညနေ ၄နာရီက မန္တလေးမြို့၊ ဘုရားကြီး၊ ညောင်ကန်တိုက်၌ မလွန်ဆန်လှူ ဓမ္မကထိကများဖြစ်ကြသော မြန်အောင်ဆရာတော် အရှင်မုနိန္ဒ၊ ညောင်ကန်ဆရာတော် အရှင်ဣန္ဒက၊ ဓမ္မရောင်ခြည်ဆရာတော် အရှင်ကုသလဗုဒ္ဓိ၊ ချမ်းမြေ့ဆရာတော် အရှင်ကေသဝ၊ ရတနာလင်္ကာရဆရာတော် အရှင်တေဇာစာရ ဆရာတော်များနှင့် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးမှဥက္ကဋ္ဌ ဦးမောင်မောင် အမှူးပြုသော အမှုဆောင်လူကြီးများ တွေ့ဆုံဆွေးနွေးမှုပြုကြသည်။ **(အပေါ်ပုံ)**

ဆရာတော်ကြီးများက ဓမ္မသဘင်များဆင်ယင်ကျင်းပ၍ အလှူခံရရှိသော ငွေကြေးနှင့်ပစ္စည်းအရပ်ရပ်ကို ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဓမ္မကထိကဆရာတော်များ ဦးဆောင်မှုဖြင့် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးက ပံ့ပိုးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျောင်းကုန်း အနန္တဂုဏာသဗ္ဗညုရွှေစေတီရွှေထီးနှင့် စိန်ဖူးတော်တင်လှူပူဇော်

ကျောင်းကုန်း မေ ၂၃

အလှူရှင် ဦးသိန်းမောင် (သုဓမ္မမဏိဇောတဓရဘွဲ့တော်နှင့် လူမှုထူးချွန် တတိယဆင့်)၊ ဇနီးဒေါ်တင်လှ (ရွှေလမင်းဆေးလိပ်ခုံပိုင်ရှင်)မိသားစု တည်ထားပူဇော်လှူဒါန်းသော အနန္တဂုဏာသဗ္ဗညုရွှေစေတီတော်မြတ်ကို ရွှေသင်္ကန်းကပ် ဌာပနာပိတ်၊ ထီးတော်တင်၊ ဘုရားအနေကဇာတင်ခြင်းနှင့် စေတီတော်မြတ်၏ မုခ်ဦး၀ အုတ်တံတိုင်းအပါအဝင် လှူဒါန်းမှုအစုစုတို့ ရေစက်သွန်းချအခမ်းအနားကို မေ ၁၉ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့ဦးရွှေမြန္မာစေတီတော်မြတ်ရှိ ဇောဓိပင်တည်ရှိရာနေရာ၌ကျင်းပရာ အနန္တဂုဏာသဗ္ဗညု ရွှေစေတီမြတ်၏ ဌာပနာတိုက်သို့ ဌာပနာပစ္စည်းများလှူဒါန်း၍ ရွှေထီးနှင့်စိန်ဖူးတော်ကို အလှူရှင် မိသားစုများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ အတွင်းရေးမှူး ဦးအောင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖတို့က တင်လှူပူဇော်ကြသည်။ **(ယာပုံ)**

ထို့နောက်ကွင်းကြီးကျေးရွာ ကိုးနဝင်းတောရကျောင်းတိုက် ဆရာတော်ဦးနန္ဒာသဘက ငါးပါးသီလနှင့် ဩဝါဒကထာမိန့်ကြား၍ လှူဒါန်းဖွယ်အစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေကြပြီး အနန္တဂုဏာသဗ္ဗညုရွှေစေတီမြတ်ရှိ ဇောဓိပင်ကို စုပေါင်း၍ ကဆုန်ညောင်ရေသွန်းကြကြောင်း သိရသည်။ (၁၅၄)

ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရုံးကြီး ရေတင်စက်ရုံ ဂါလန် ၈၇၀၀၀ဆံ့ ရေလှောင်ကန်သို့ ခြောက်လက်မ ရေတင်ပိုက်လိုင်း ပေ ၄၈၀၀ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မေ၂၂ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်မိုးသွင်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

AUNG Car Rental

PAJERO နှင့် ဆလွန်းကား

မျိုးစုံ ငှားရန်ရှိသည်။

Ph-09-5012180, 09-5193086

(၇၅)နှစ်မြောက် စိန်ရတုမွေးနေ့မင်္ဂလာ

ဃရာနာမိသားစုအဖွဲ့ကြီး၏ ဦးစီးရှေ့ဆောင် ရာပြည့်သခင် ခလီဖွှတ် (ဦးမောင်မောင်ကြီး)၏ဇနီး၊ မယ်တော်ကြီးဒေါ်ခင်မေရီ၏ ၂၀၀၈ခုနှစ် မေ ၂၆ရက်တွင် ကျရောက်သော (၇၅)နှစ်မြောက် မွေးနေ့မင်္ဂလာမှ အသက်ရာကျော်တိုင်၊ ရဟ်မသ်၊ ဗရ်ကသ်ရရှိ၍ ကောင်းချီးမင်္ဂလာ အဖြာဖြာနှင့် ငြိမ်းချမ်းမှုအပေါင်း ခညောင်းစေရန် မွေးနေ့ဆုတောင်းမင်္ဂလာပြုအပ်ပါသည်။

သားသမီးများ	-သန်း၊ ရီ၊ မွန်၊နေ၊ဝင်း၊ သိန်း၊လှ၊ မော်၊ ဟန်၊ မြတ်
မြေးများ	-ရဲ၊ ရှင်၊ ကျော်၊ ခင်၊ ဟိန်း၊ ရီ၊ သိန်း၊ ခင်၊ သန်း၊ လွင်၊ ကို၊ မေ၊ အောင်၊ ဇင်၊ အောင်၊ ဝါ၊ ထိန်၊ ပြည့်၊ ညီ၊ မောင်၊ နီ၊ မွန်၊ နောင်၊ ဖြူ၊ သူ၊ မြင့်၊ ဟန်၊ နေ၊ ဝင်း၊ သိန်း၊ ခန့်၊ ညီ၊ မြတ်၊ ချို၊ မေ။

မိဘအမည်မှန်

ဦးနိုင်ဝင်း ၁၂/လသန(နိုင်) ၀၀၄၁၂၉ ၏ဖခင်မှာဦးစိန်ဝင်း(ခ)လင်(မ်)ကွတ်အန်း(ခ)လင်(မ်)စိန်အန်းဖြစ်၍မိခင်မှာဒေါ်ကျင်ငွေး(ခ)တေ့အိုက်ဟုတို့၏သားဖြစ်ပါသည်။

ဦးနိုင်ဝင်း၁၂/လသန(နိုင်)၀၀၄၁၂၉။



အမွေဖြတ်စွန့်လွှတ်ခြင်း

ဦးကာဆင်၏ သားဖြစ်သူ မောင်မင်းမင်းထွန်း ၁၂/ကတတ(နိုင်)၀၂၇၀၆၇သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံ၍ မိမိစိတ်သဘောအတိုင်း ပြုလုပ်သွားပါသဖြင့် အမွေစား၊အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ မိဘများက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးကာဆင်

၁၀/မလမ(နိုင်)၀၇၈၇၇၁။

အမည်ပြောင်း

အဖ ဦးစိုင်းထွန်းထွန်းဦး၏ သား လားရှိုးမြို့ အလက(၅) အ၄မတန်းတွင် ပညာသင်ကြားမည့် စိုင်းသန့်ဇင်အား ယနေ့မှစ၍ မောင်ဟန်မိုးသက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟန်မိုးသက်။

အမည်ပြောင်း

ဦးငွေးလှိုင်-ဒေါ်ခင်ဝတ်မှုံတို့၏ သား လားရှိုးမြို့ အထက(၆)တတိယတန်း(A)မှ မောင်အောင်ဘိုဘိုခန့်အား မောင်ကောင်းမင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းမင်းခန့်။**

အမည်ပြောင်း

အဖ ဦးအောင်ကျော်စိုး၏ သား မြစ်ကြီးနားမြို့ အထက(၂)အ၄မတန်း(က)မှ မောင်သိန်းလင်းကိုအား ယနေ့မှစ၍ မောင်သူရအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သူရအောင်။**

အမည်ပြောင်း

အဖ ဦးလောရွှတ်၏သား မြစ်ကြီးနားမြို့ အလက(၁) အ၄မတန်း(B)မှ မောင်လကွယ်အား မောင် N-ဒေးဗစ်အောင်ဟုပြောင်းလဲခေါ်ပါရန်။

မောင် N-ဒေးဗစ်အောင်။

အမည်ပြောင်း

အဖ ဒုအရာခံဗိုလ်မျိုးသက်အောင်၏ သားသမီးများဖြစ်ကြသော ကျိုင်းတုံမြို့ အထက(၄)ဆ၄မတန်းမှမောင်မင်းခန့်မော်အား မောင်ပြည့်ဖြိုးသာဟုလည်းကောင်း၊ မအေးနန္ဒာမျိုးအား မရွှေရည်မှူးအိမ်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ် -၁၁၃

ဦးဝင်းသိန်း	နှင့်	ဦးမင်းအောင်
တရားလို		တရားပြိုင်

တရားပြိုင်ဦးမင်းအောင် အမှတ်၁၉၊ ရန်ကင်းလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလိုက ငွေကျပ်သိန်း၁၅၀နှင့် နစ်နာကြေးရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် ဇွန် ၃ရက် (၁၃၇၀ပြည့်နှစ်၊ ကဆုန်လကွယ်နေ့) မွန်းမတည့်မီ ၉း၃၀နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။

၎င်းအပြင် သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်နေ့ရက်တွင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်ရမည်။

၂၀၀၈ခုနှစ် မေ ၂၅ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ဆွေရီ

တွဲဖက်တိုင်းတရားသူကြီး(၁)

ရန်ကုန်တိုင်းတရားရုံး။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သား မောင်သိန်းထွန်း ၆/မအရ (နိုင်) ၀၀၃၀၇၃သည် မိဘများသွန်သင်ဆုံးမသည်ကို မနာခံဘဲ မိဘများ ဂုဏ်သိက္ခာကျဆင်းစေသည့် လုပ်ရပ်များနှင့် မိဘများ စိတ်ဆင်းရဲစေမည့် လုပ်ရပ်များကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းမောင်သိန်းထွန်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကြီးငယ်မဆို လုံး၀(လုံး၀)တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဦးဘမောင်(ဖခင်)

၆/မအရ(နိုင်)၀၀၃၄၄၃

ဒေါ်မြင့်စိန်(မိခင်)

၆/မအရ(နိုင်)၀၀၃၁၉၃။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်(၁၂)၊ မြေကွက်အမှတ် ၂၇၁၊ နှစ် (၆၀) မြေငှားဂရန်မြေကွက်၊ မိဂသီလမ်း ၁၂ရပ်ကွက်ဟုခေါ်တွင်သည့်မြေနှင့်မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်လှ ၁၂/ဥကတ(နိုင်) ၁၁၇၆၇၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရုံး	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဥပဒေအကျိုးဆောင်	**ဦးဘူမောင်(LL.B)၊ စဉ်-၂၂၇၄၇**
လမင်းအိမ်အကောက်ခွန်ဝန်ဆောင်မှု	**အထက်တန်းရှေ့နေ**
တိုက် (၁၂၀)၊ အခန်း(၄၀၅)	**အမှတ်(၆/၈)၊(E-5)ဗျိုင်းရေအိုးစင်လမ်း**
၁၈လမ်း၊ လသာမြို့နယ်။	**တာမွေမြို့နယ်။**
ဖုန်း-၃၉၅၆၀၇။	**ဖုန်း-၀၉-၅၁၁-၈၀၀၇။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်အသုံးချဘူမိဗေဒဒီပလိုမာ Diploma in Applied Geology သင်တန်းသားများ ခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာနတွင် ၂၀၀၈-၂၀၀၉ခု ပညာသင်နှစ်အတွက် ဘွဲ့လွန်အသုံးချ ဘူမိဗေဒဒီပလိုမာ(Diploma in Applied Geology) တစ်နှစ်သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

(က) Economic & Mining Geology
(ခ) Exploration Geochemistry
(ဂ) Exploration Geophysics
(ဃ) Gemmology
(င) Hydrogeology
(စ) Engineering Geology
(ဆ) Petroleum Geology

၂။ အထက်ပါ အထူးပြုဘာသာရပ် သင်တန်းတစ်ခုခုတွင် တက်ရောက်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံး ပညာအရည်အချင်းမှာ ဘူမိဗေဒဘာသာရပ်ဖြင့်ဘွဲ့ရပြီး၊ မဟာသိပ္ပံအရည်အချင်းစစ်သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။
(ဂ) ဘူမိဗေဒဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရ ဘူမိဗေဒဆိုင်ရာလုပ်ငန်းခွင်မှ ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာလုပ်ငန်း၌ အမြဲတမ်းလုပ်သက် နှစ်နှစ်ရှိပြီး၊ ဌာနဆိုင်ရာအကြီးအကဲ၏ တရားဝင်ခွင့်ပြုမိန့်ရရှိသူများ လျှောက်ထားနိုင်သည်။

၃။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၇-၆-၂၀၀၈ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။ ၎င်းနေ့ရက်မှ ကျော်လွန်လျှောက်ထားလာသော လျှောက်လွှာများအား လုံးဝလက်ခံ စဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၊ လှိုင်တက္ကသိုလ်နယ်မြေတွင် စုံစမ်းနိုင်ပါသည်။

စန်းမြိုင်

မော်ကွန်းထိန်းအဆင့်(၁)

ရန်ကုန်တက္ကသိုလ်။



လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

ဆားဈေးနှုန်းကျဆင်းရေးနှင့် စားသုံးသူ လက်အရောက်ဖြန့်ချိရေး ရန်ကုန်မြို့ ဆားစက်ပိုင်ရှင်များအသင်း စီစဉ်ဆောင်ရွက်နေ

ရန်ကုန် မေ ၂၈

ဆားဈေးနှုန်း ကျဆင်းရေးနှင့် စားသုံးသူ လက်အရောက်ဖြန့်ချိရေးတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့သည် မေ ၂၂ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ ဆားစက်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ရောင်းချ

အဆိုပါညှိနှိုင်းဆွေးနွေးချက်အရ ဆားစက်ပိုင်ရှင်များအသင်းက ရန်ကုန်မြို့၏ ဆားစားသုံးမှုမှာ တစ်လလျှင် ပိဿာ ၁၀ သိန်းခန့်ရှိ၍ ဆားစက်ပိုင်ရှင်များ၏ လက်ဝယ်၌ ပိဿာချိန် ၇၈ သိန်းကျော်ရှိရာ မေ ၂၃ ရက်မှစ၍ ရန်ကုန်မြို့ရှိ စားသုံးသူများ လက်ဝယ်အရောက် ဆား တစ်ပိဿာလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့နယ်အဖွဲ့များ၏ အကူအညီဖြင့် အခွန်လွတ်ဈေးများ၌လည်း ရောင်းချပေးလျက်ရှိသည့်အပြင် လိုအပ်သောမြို့နယ်များသို့လည်း သွားရောက်ရောင်းချပေးသွားမည်ဖြစ်သည်။

လွတ်လပ်စွာဝယ်ယူ

ထို့အတူ တာမွေမြို့နယ်၌ စိန်မေတ္တာမွန်ဆားစက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့၌ တိုးနယားဆားစက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အိုကေဇာဇာဆားစက်၊ သာကေတမြို့နယ်နှင့် လမ်းမတော်မြို့နယ်(ညောင်ပင်လေးဈေး)တို့၌ အဏ္ဏဝါမင်းဆားစက်၊ လမ်းမတော်မြို့နယ်(ညောင်ပင်လေးဈေး)၌ ကေကေဆားစက်၊ ရွှေပြည်သာမြို့နယ်၌ မြတ်သုခဆားစက်၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့၌ အောင်ထိုက်တန်ဆားစက်၊ လှိုင်သာယာမြို့နယ်၌ စိန်မေတ္တာဆားစက်၊ သုဝဏ္ဏမြို့ သဃ်န်းကျွန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ ဖူးပွင့်စံဆားစက်၊ ဒေါပုံမြို့နယ်၌ ရွှေလဝင်းဆားစက်၊ ပုဇွန်တောင်မြို့နယ်၌ ဆားတောင်သူဆားစက်၊ တာမွေမြို့နယ်၌ ထက်အောင်သာဆားစက်၊ ဒေါပုံမြို့နယ်၌ကေအမ်ဆားစက်နှင့် ကမာရွတ်မြို့နယ်၌ အောင်သီဟဆားစက်တို့မှ စီစဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၈

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

အဆိုပါအလှူရှင်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်ကြသည့် ဦးခင်မောင်စိုး (မြန်မာစည်သူကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၅၀၀၊ ဦးသိန်းဟန်(ခ)ဦးအိုက်ခင် (**Focus Gem Co., Ltd.**)က ငွေကျပ် သိန်း ၃၈၀၊ ဦးအောင်သိန်း(နေနန်းတော်ကုမ္ပဏီလီမိတက်)နှင့် ဦးသိန်းထွန်း (**World Precious Co.,Ltd.**)က ငွေကျပ် ၁၀ သိန်းစီ၊ ဦးကျော်လင်း (**Kyaw Asia Co.,Ltd.**)က ငွေကျပ် ၁၀ သိန်းအပါအဝင် အကျိုးတူကုမ္ပဏီများက စုစုပေါင်းငွေကျပ် သိန်း ၉၁၀၊ ဦးအောင်မြင့်နှင့် ဒေါ်တင်တင်ခိုင် မိသားစု(ဒဂုံမြို့နယ်)က ငွေကျပ် တစ်သိန်း၊

စာမျက်နှာ ၄ ကော်လံ ၄ ■

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီစွာ အကောင်အထည်ဖော်

မြင့်မောင်စိုး၏ သတင်းမြင်ကွင်း (စာ - ၁၁)

လပွတ္တာမြို့နယ်အတွင်း ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

မောင်မောင်ထွေး(သတင်းစဉ်)၏ သတင်းဆောင်းပါး (စာ-၇)